# မြန်မာနိုင်ငံ၏ နောက်ထပ်ကြီးကျယ်သည့် ပြုပြင်ပြောင်းလဲရေးခြေလှမ်းတစ်ရပ် -

## သမုဒ္ဒရာနှင့် ရေအောက်သယံဇာတများကို ခြံခတ်သိမ်းဆည်းခြင်း



မတ်လ၊ ၂၀၁၇ ခုနှစ်။

tni

**မျက်နှာဖုံးဓာတ်ပုံ**

Transnational Institute (TNI)

**အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာပြန်ဆိုသူ**

သျှုဒန်မုန်ဒန်ဇော်

**စာစောင်ငယ်ဒီဇိုင်း**

သျှုဒန်ဆိုင်းရော်

**ဆက်သွယ်ရန်**

www.tni.org

# မာတိကာ


သမုဒ္ဒရာနှင့် ရေအောက်သယံဇာတများကို ခြံခတ်သိမ်းဆည်းခြင်း ........ ၁

နောက်ထပ်ခြံခတ်သိမ်းဆည်းမှု - ငါတို့ရဲ့ ရေအောက်သယံဇာတများ ........ ၂

သယံဇာတမောင်ပိုင်စီးလုယူမှု ........ ၃

မတူကွဲပြားသည့် ရေအောက်သယံဇာတအရင်းအမြစ် မောင်ပိုင်စီးမှုပုံစံများ ........ ၄

အမျိုးသားအဆင့် ငါးလုပ်ငန်းမူဝါဒပြုပြင်ပြောင်းလဲရေး ........ ၄

အထက်အောက်ဆန်သည့် ထိန်းသိမ်းစောင့်ရှောက်ရေးစီမံကိန်းများ ‘အပြာရောင်မောင်ပိုင်စီးလုယူမှု’ ........ ၆

သဘာဂခရီးသွားလုပ်ငန်း ........ ၈

အကြီးစားရေထွက်ကုန်မွေးမြူရေးလုပ်ငန်းများ ........ ၉

စက်မှုအခြေခံအဆောက်အအုံများ တိုးချဲ့တည်ဆောက်မှု ........ ၁၀

‘ကြီးကျယ်သည့် ပြုပြင်ပြောင်းလဲရေး’ အပေါ် နိုင်ငံရေးအရ တုန့်ပြန်မှုများ ........ ၁၁

SSF လမ်းညွှန်ချက်များမှ အဓိကကျသည့် ပြဌာန်းချက်များ ........ ၁၂

# မြန်မာနိုင်ငံ၏ နောက်ထပ်ကြီးကျယ်သည့် ပြုပြင်ပြောင်းလဲရေးခြေလှမ်းတစ်ရပ် - သမုဒ္ဒရာနှင့် ရေအောက်သယံဇာတများကို ခြံခတ်သိမ်းဆည်းခြင်း

'ကြီးကျယ်သည့်ပြုပြင်ပြောင်းလဲရေး'ဟူသည့် အသုံးအနှုန်းသည်ဗြိတိန်နိုင်ငံ၌'ဈေးကွက်အခြေပြုလူ့ဘောင်အသိုက်အဝန်း' ဆီသို့ အသွင်ကူးပြောင်းရာ၌ ကြုံတွေ့ခဲ့ရသည့် လူမှုရေးနှင့်နိုင်ငံရေး ကသောင်းကနင်းဖြစ်မှုကို လေ့လာဆန်းစစ်၍ သုံးသပ်တင်ပြရန် Karl Polanyi မှ စတင်သုံးစွဲခဲ့ခြင်းဖြစ်သည်။ ဗြိတိန်နိုင်ငံ၏ ဤအသွင်ကူးပြောင်းရေးသည် လူပေါင်းများစွာ၏ ဘဝများနှင့် ဈေးကွက်စနစ်အားဖြင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူပြုရန် သဘာဝနှင့်လူ၏ ဆက်နွယ်ပတ်သက်မှုတို့ကို ပြောင်းလဲသွားစေခဲ့သည်။ ဤပြုပြင်ပြောင်းလဲမှု၏ သော့ချက်သည် သဘာဝသယံဇာတအရင်းအမြစ်များကို ခြံခတ်သိမ်းဆည်းခြင်းဖြစ်သည်။ Polanyi ကဤကဲ့သို့သော ခြံခတ်သိမ်းဆည်းမှုသည် "ဆင်းရဲသားများအပေါ် ချနင်းထားသည့် လူချမ်းသာတို့၏ ဆင့်ကဲတိုးတက်ပြောင်းလဲမှု" တစ်ရပ်သာဖြစ်သည်ဟု ဝေဖန်ခဲ့သည်။

မြေယာ၊ရေနှင့်သယံဇာတအရင်းအမြစ်များသည်သမိုင်းအစဉ်အလာအရ ကျေးလက်နေလူထု၏ ဘဝများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကျွေးမွေးထောက်ပံ့လာခဲ့ပြီး ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ အပြန်အလှန် ဖြည့်ဆည်းထောက်ပံ့ပေးလျက်ဓလေ့ထုံးစံနှင့်ရိုးရာအစဉ်အလာများအရစီမံခန့်ခွဲလာခဲ့သည့် တန်ဘိုးများအားလုံးကို ပြောင်းလဲသွားစေခဲ့သည်။ သို့ဖြစ်၍ ဤသယံဇာတများကို မည်သူက မည်သို့ရယူအသုံးချ၍ မည်သည့်ပုံစံဖြင့် အကျိုးအမြတ်ရရှိမည်ဖြစ်ကြောင်းကို မျက်မှောက်ခေတ်ဈေးကွက် စီးပွားရေးစနစ်ကသာလျှင် အဆုံးအဖြတ်ပေးတော့မည်ဖြစ်သည်။ ဤဈေးကွက်စီးပွားရေးစနစ်၌ 'ယထာဘူတကျကျ' ခွဲဝေချထားမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို ခိုင်မာသေချာစေရန် ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ အပြန်အလှန်ဖြည့်ဆည်းထောက်ပံ့ရသည့် အဖိုးအခများအားဖြင့် ဝန်ထုတ်ဝန်ပိုးမဖြစ်စေရဟု ဆိုထားပြန်သည်။ ထို့ကြောင့် Polanyi က 'ကြီးကျယ်သည့်ပြုပြင်ပြောင်းလဲရေး'ဟု ခေါ်ဆိုခဲ့ခြင်းဖြစ်သည်။

တနည်းဆိုသော် လူဘောင်အသိုက်အဝန်း၏ ဆုံးဖြတ်ချက်ချမှတ်သည့်ပုံစံအား ဈေးကွက်စီးပွားရေးစနစ်၏ သဘောတရားကို လိုက်လျောနာခံစေခြင်းဖြင့် ကျွန်ုပ်တို့၏ စဉ်းစားတွေးခေါ်ပုံနှင့် တစ်ဦးနှင့်တစ်ဦးအကြားသာမက သဘာဝနှင့်လူအကြားဆက်နွယ်ပတ်သက်မှုပုံစံအားလုံးပြောင်းလဲသွားခဲ့သည်။အခြားအရာများထက်စာလျှင် ဘဝများစွာနှင့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းမျိုးစုံကို ဖြည့်ဆည်းထောက်ပံ့ပေးရန် အခြေခံတည်ဆောက်ထားသည့် အခင်းအကျင်းပုံစံပေါင်း မျိုးစုံပါဝင်လျက်ရှိသည့်စနစ်များကို တစ်သီးပုဂ္ဂလတစ်ဦးချင်းစီ၏ အကျိုးအမြတ်ရှာဖွေရယူမှုကို အသားပေးသည့် စနစ်တစ်ခုတည်းအဖြစ်ပေါင်းစည်းလိုက်ခြင်းဖြစ်သည်။ သို့ဖြစ်၍ ချမ်းသာနေပြီးသား ဩဇာအာဏာကြီးမားသည့်လက်တစ်ဆုပ်စာတစ်သီးပုဂ္ဂလများကိုအကြီးအကျယ်ကြွယ်ဝချမ်းသာသွားစေပြီး အများစုကို ပိုမိုဆင်းရဲတွင်းနက်သွားစေလျက်ရှိသဖြင့် "ဆင်းရဲသားများအပေါ် ချနင်းထားသည့် လူချမ်းသာတို့၏ ဆင့်ကဲတိုးတက်ပြောင်းလဲမှု" ဟုသမုတ်ခဲ့ခြင်းဖြစ်သည်။[၁]

မြန်မာနိုင်ငံသည် ကြီးကျယ်သည့်ပြုပြင်ပြောင်းလဲရေးသံသရာစက်ဝန်းသစ်၏ ရှေ့တန်းမျက်နှာစာပေါ် ရောက်ရှိနေပြီဖြစ်သည်။ ယနေ့မြန်မာနိုင်ငံ၌ နိုင်ငံ၏ ကျယ်ပြန့်သည့်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကုန်တွင်း ရေအောက်သယံဇာတများကို ရယူသုံးစွဲမှုနှင့် ထိန်းချုပ်စီမံမှုအတွက် ဟင်းလင်းနီးပါးတံခါးဖွင့်ပေးခဲ့သဖြင့် အရေးပါသည့် အပြောင်းအလဲများစွာ ဖြစ်ပေါ်လာခဲ့သည်။ ရေအောက်သယံဇာတများဆိုရာ၌ သားငါး၊ ဒီရေတောများ၊ သန္တာကျောက်တန်းများနှင့် အခြားရေနေအပင်များမှသည် ကမ်းရိုးတန်းသဲသောင်ပြင်များ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့အပြင် ရေထုတစ်ခုလုံးပါ အကျုံးဝင်လျက်ရှိသည်။ အမျိုးအစား ကွဲပြားစုံလင်လှသည့် ရေအောက်သယံဇာတများသည် မြန်မာနိုင်ငံတံငါသည်ထု၏ ဘဝများနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းမျိုးစုံကို ဖြည့်ဆည်းထောက်ပံ့ပေးလျက်ရှိသည်။ ယနေ့ခေတ်၌ ရေပန်းစားတွင်ကျယ်လာလျက်ရှိသည့် ဈေးကွက်စီးပွားရေးစနစ်၏သဘောတရားအပေါ် ကျောရိုးတည်ထားသည့် ဤအခင်းအကျင်းသစ်သည် အဆိုပါသယံဇာတအရင်းအမြစ်များကို ရွာသူရွာသားများနှင့် နိုင်ငံတွင်းရှိ မိဘပြည်သူတစ်ရပ်လုံးထံမှ ဝေးရာအရပ်များဆီသို့ ယူငင်ဆောင်ကျဉ်းသွားရန် ဖိအားပေးခြိမ်းခြောက်လာနေပြီဖြစ်သည်။

လတ်တလော ပွင့်လင်းလာသည့် ကုန်းတွင်းပိုင်းနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် ပုံစံမျိုးစုံဖြင့် ခြံခတ် သိမ်းဆည်းလျက်ရှိသည့် လုပ်ငန်းစဉ်များအရ နိုင်ငံ၏ ရေအောက်သယံဇာတများကိုမည်သူတို့ လက်လှမ်းမီအသုံးချ၍ ထိန်းချုပ်စီမံလျက်ရှိပြီး ထွက်ရှိလာသည့်အရင်းအမြစ်များမှ မည်သူတို့ အကျိုးအမြတ်ခံစားခွင့်ရရှိနေကြောင်း အရေးတကြီး မေးခွန်းမေးစရာရှိလာသည်။ ယနေ့ခေတ်အခြေအနေနှင့် ပတ်သက်၍ အလားတူအရေးကြီးသည့်အချက်အနေဖြင့် အနာဂတ်၌ ဤအရင်းအမြစ်များကို မည်သူက မည်သည့်ရည်ရွယ်ချက်အတွက် မည်သည့်နည်းလမ်းဖြင့် မည်သို့ထိန်းချုပ်စီမံ၍ မည်ကဲ့သို့သောရယူသုံးစွဲပိုင်ခွင့်မျိုးဖြင့် မည်သည့်အကျိုးအမြတ်မျိုး ရရှိလာမည်ဖြစ်ကြောင်း အရေးတကြီးမေးစရာရှိလာသည်။

မြေနှင့် မြေယာအခွင့်အရေးအပေါ် အကြီးအကျယ် အငြင်းပွား၍ ပဋိပက္ခဖြစ်နေသည့်အချက်သည် ဤကဲ့သို့သော ကိစ္စရပ်

[၁] Polanyi, K. 2001 The Great Transformation: The Political and Economic Origins of Our Time, Boston: Beacon Press

မျိုးနှင့်ပတ်သက်လာပါက မြန်မာနိုင်ငံအတွင်း မည်သည့်အခါ ကမျှမရိုးရှင်းခဲ့ဖူးကြောင်း သို့မဟုတ် ဂိရောဓိမဖြစ်ဘဲ ပြေလည်သွားခဲ့ဖူးခြင်းမရှိကြောင်း အထင်အရှားပြဆိုလျက်ရှိသည်။[၂] ရေအောက်သယံဇာတများနှင့် ပတ်သက်လာပါကလည်း ဆင်းရဲသားလူထုအသိုက်အဝန်းများ၊ တိုင်းရင်းသားလူနည်းစုများ၊ အခြားထိခိုက်ရန်လွယ်ကူ၍ဘေးဖယ်ခံထားရသူများအတွက် လက်လွှတ်ဆုံးရှုံးရနိုင်သည့်အန္တရာယ် အထူးတလည်မြင့်မားလျက်ရှိသည်။ အမှန်တကယ် ခြိမ်းခြောက်ခံနေရပြီး ထိခိုက်နိုင်ခြေမြင့်မားသည့် အန္တရာယ်ကပ်ဆိုက်လျက်ရှိသည်။ သတိပေးခေါင်းလောင်းသံများ ကျယ်လောင်လျက်ရှိသော်လည်းနားထောင်ပေးမည့်သူမရှိလေပြီလော။

## နောက်ထပ်ခြံခတ်သိမ်းဆည်းမှု - ငါတို့ရဲ့ ရေအောက်သယံဇာတများ

ယနေ့ ကမ္ဘာတစ်လွှားက တံငါသည်လူမှုအသိုက်အဝန်းတွေဟာ "သမုဒ္ဒရာလုယူမှု" လို့ ခေါ် ဆိုနေကြတဲ့ ရိုက်ခတ်မှုဒဏ်ကိုခါးစည်းခံနေကြရတယ်။ ပြောရမယ်ဆိုရင် "ရေအောက်သယံဇာတတွေကိုဘာရည်ရွယ်ချက်နဲ့ဘယ်လိုအသုံးချပြီးထိန်းသိမ်းစောင့်ရှောက်ဖို့ ဘယ်လိုနည်းလမ်းတွေနဲ့ စီမံခန့်ခွဲကြမလဲဆိုတဲ့ဆုံးဖြတ်ချက်ချမှတ်နိုင်တဲ့သြဇာအာဏာအပါအဝင်အရေးပါတဲ့ ဆုံးဖြတ်ချက်ချမှတ်မှုအားလုံးကို သြဇာအာဏာကြီးမားတဲ့စီးပွားရေးသမားတွေကပဲ လက်ဝါးကြီးအုပ်ထိန်းချုပ်ထားတယ်လို့အဓိပ္ပာယ် သက်ရောက်နေတယ်။"[၃] ဒီလိုလုပ်ရပ်မျိုးတွေကမြန်မာနိုင်ငံအတွက် အဆန်းတကျယ်ကိစ္စရပ်တွေတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ နယ်ပယ်သစ်၊ ကဏ္ဍသစ်တစ်ခုကို ချဉ်းနင်းဝင်ရောက်လာသလိုဖြစ်နေတယ်။ ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်တွေကိုထိန်းချုပ်ဖို့ ကြိုးစားတာက အဲဒါနဲ့ဆက်စပ်နေတဲ့ ဘဝရဲ့အဓိပ္ပာယ်တွေကိုပါ ထိန်းချုပ်အပိုင်စီးဖို့ ကြိုးစားရာရောက်နေပါတယ်။ မြန်မာနိုင်ငံရဲ့ ပထဝီမြေကြီးပေါ်က မြစ်ချောင်းစနစ်တွေဟာ သူတို့အပေါ် မှီခိုနေကြတဲ့ လူမှုအသိုက်အဝန်းတွေရဲ့စုံလင်ကွဲပြားတဲ့ လူမှုရေးနဲ့ယဉ်ကျေးမှုဆိုင်ရာ လက္ခဏာရပ်တွေနဲ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကို ဆက်လက်ကျွေးမွေးထောက်ပံ့နိုင်ပါဦးမလား။ ဒါမှမဟုတ် ရေကာတာတွေ ပိတ်ပြီးရေအားလျှပ်စစ်စွမ်းအင်တွေ ထုတ်လုပ်ဖို့ ထိန်းချုပ်အသုံးချသင့်သလား။ ဒါမှမဟုတ်ရင်လည်း နိုင်ငံခြားပို့ကုန် အသားပေးတဲ့အကြီးစားရေထွက်ကုန် မွေးမြူရေးလုပ်ငန်းကြီးတွေအတွက်နေရာပေးလိုက်ရ မှာလား။

ရှည်လားတဲ့ ကမ်းရိုးတန်းကြီးဟာ တံငါသည်ထုကိုဆက်လက်ဧည့်ခံနေရာပေးပြီး ကျွေးမွေးထောက်ပံ့ပေး နိုင်ဦးမလား။ အဲဒီအစား သဘာဝခရီးသွားတွေ အနားယူအပန်းဖြေတဲ့နေရာတွေအဖြစ် ပြောင်းလဲပစ်သင့်သလား။ ဒါမှမဟုတ်လည်းဧရာမအထူးစီးပွားရေးဇုံတွေနဲ့ ပြင်ဆင်အစားထိုးလိုက်သင့်သလား။ မကြုံစဖူး တဖြည်းဖြည်း ယုတ်လျော့ကျဆင်းလာတဲ့ ဇီဝမျိုးစုံမျိုးကွဲနှင့် ရေအောက်သယံဇာတတွေ ဆုတ်ယုတ်ပျက်စီးမှုမြင့်တက်လာနေတဲ့အတွက်သဘ္ဘာကျောက်တန်းတွေရှိတဲ့ပင်လယ်ရေအောက်နေရာတွေမှာ ငါးဖမ်းခွင့်ကိုပိတ်ပင်လိုက်ပြီး ရေငုပ်လေ့လာရေးအတွက် အုံ့ဖွယ်သဘာဝရှုခင်းအဖြစ် အသွင်ပြောင်းလိုက်ရမှာလား။

နယ်ခံတွေရဲ့ အသက်မွေးဝမ်းကျောင်းမှုအတွက်အရေးပါတဲ့အခန်းကဏ္ဍကနေ ဒီရေတောတွေ ဆက်လက်အသုံးတော်ခံနိုင်ပါဦးမလားသို့မဟုတ် သူတို့ရဲ့အခန်းကဏ္ဍဖြစ်တဲ့ရာသီဥတုပြောင်းလဲမှုကို လျှော့ချဖို့ ရည်ရွယ်တဲ့ ကမ္ဘာလုံးဆိုင်ရာစီမံချက်တွေအတွက် ကာဗွန်ထုတ်လွှတ်မှုကို အလိုက်သင့်စုပ်ယူသိုလှောင်ဖို့ ပထမဦးဆုံး အလေးထားဆောင်ရွက်သင့်သလား။

မြိတ်တစ်လွှားက အကြီးစားငါးဖမ်းရေယာဉ်အုပ်များမှသည် ဧရာဝတီမြစ်တစ်ပှမ်းရှိ တစ်နိုင်တစ်ပိုင် အသက်မွေးဝမ်းကျောင်းပြုနေတဲ့ အသေးစားတံငါသည်များအထိ ကွဲပြားနေကြတဲ့အမျိုးအစားအားလုံး မြန်မာနိုင်ငံရဲ့ ငါးလုပ်ငန်းကဏ္ဍမှာ ဘယ်လိုအကျိုးဝင်လာမလဲ။ နိဂုံးချုပ် ပျောက်ကွယ်သွားဖို့လိုတဲ့ ငါးဖမ်းလုပ်ငန်းအမျိုးအစားတွေကော ရှိလာမလား။ အဲဒီလိုဆိုရင် ဘယ်လိုငါးဖမ်းလုပ်ငန်းမျိုးတွေဖြစ်ပြီး လက်ရှိမှာ အဲဒီလို ငါးဖမ်းလုပ်ငန်းမျိုးကို မှီခိုပြီးအသက်မွေးနေကြတဲ့ တံငါသည်တွေကကော ဘာဆက်လုပ်ကြမှာလဲ။

ဤမေးခွန်းများအားလုံးသည် ပိုမိုကျယ်ပြန့်သည့် ဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက်နှင့်ဆက်စပ်လျက်ရှိပြီးယင်းမျှော်မှန်းချက်အတွင်း ရေအောက်သယံဇာတအရင်းအမြစ်များနှင့် ယင်းတို့အပေါ် မှီခိုအားထားလျက်ရှိသူများ မည်သည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသနည်း။ ဆထက်ထမ်းပိုးတို့၍ အရေးပါလာသည့် မျှော်မှန်းချက်၌ လူသားများအစဉ်အဆက် ပိုင်းခြားနေထိုင်လာခဲ့ပြီး ကျဉ်းမြောင်းသည့် ရှုထောင့်တစ်ရပ်တည်းဖြင့် စနစ်တကျအဓိပ္ပာယ်ဖွင့်ဆိုထားသည့် အမျိုးအစားများ (မြေ၊ ရေ၊ ငါးမျိုးစိတ်များ) ၏ ကွင်းဆက်တစ်ခုအတွင်း သဘာဝသယံဇာတအရင်းအမြစ်များဖြင့် ထောက်ပံ့ပေးထားသည့် လူမှုပတ်ဝန်းကျင်မျိုးပါဝင်မည်ဖြစ်သည်။ ဤသဘောတရားအရ သဘာဝသယံဇာတများကို လူမှုအဖွဲ့အစည်းသို့ ၎င်းတို့ 'ထောက်ပံ့ပေးလျက်ရှိသည့်' 'ဝန်ဆောင်မှု' အပေါ် အခြေခံ၍ စီးပွားရေးရှုထောင့်အရသာ တန်ဖိုး (တန်ဖိုးဖြတ်) တော့မည်ဖြစ်သည်။

ဤကဲ့သို့သောအမြင်သည်ရေအောက်သို့မဟုတ်အခြားသဘာဝသယံဇာတများကို ကုန်ထုတ်လုပ်ရေး ဆိုင်ရာကိစ္စရပ်များသို့မဟုတ် ထုတ်ကုန်များအတွက် 'ကုန်ကြမ်းများ' အဖြစ်သာသဘောထားခြင်းမရှိသည့် အနာဂတ်မျှော်မှန်းချက်များနှင့် ပြောင်

[၂] Franco et al. 2015. The Meaning of Land in Myanmar: a primer. Amsterdam: The Transnational Institute

[၃] WFFP et al. 2014. The Global Ocean Grab: a Primer. Amsterdam: The Transnational Institute. P.3 https://www.tni.org/files/download/the_global_ocean_grab.pdf

ပြောင်ကြီးဆန့်ကျင်လျက်ရှိသည်။ ယင်းအစား ဤကဲ့သို့ အနာဂတ်ကိုအခြားရှုထောင့်တစ်ခုမှ ကြည့်ရှုသည့် အမြင်များသည် ရေအောက်သယံဇာတများကိုလူသားများ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အခြေခံကျသည့် အုတ်မြစ်အဖြစ်သာမက ၎င်းတို့၏ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လက္ခဏာရပ်များအတွင်းထဲထဲဝင်ဝင်ပေါင်းစပ်ပါဝင်လျက်ရှိသဖြင့်ယခုနှင့်အနာဂတ်နှစ်ရပ်စလုံးကို ကြည့်ရှုရန်လိုအပ်သည်။

**မေးခွန်းအနေဖြင့် -**

*လာမဲ့နှစ်တွေမှာ မြန်မာနိုင်ငံအနေနဲ့*
*ဘယ်မျှော်မှန်းချက်တွေကို ချမှတ်ဆောင်ရွက်ဖို့လိုအပ်မလဲ။*

## သယံဇာတမောင်ပိုင်စီးလုယူမှု

ရေအောက်သယံဇာတများကို ရယူအသုံးချမှုသည် မကြာခဏဆိုသလို မြေယာနှင့် မြေဆက်စပ်သယံဇာတ အရင်းအမြစ်များ(ဥပမာ ကမ်းရိုးတန်းများ၊ ရေကန်နှင့်မြစ်ကမ်းများ၊ ဒီရေတောများစသည်ဖြင့်) အပေါ် လက်လှမ်းမီ အသုံးချနိုင်မှုအပေါ် မှီတည်လေ့ရှိသည်။ သို့ဖြစ်၍ တံငါသည်ထုအပေါ် ရိုက်ခတ်လျက်ရှိသည့် သယံဇာတမောင်ပိုင်စီးမှုသည် ရေအောက်သယံဇာတများနှင့်သာ သက်ဆိုင်သည့် ကိစ္စရပ်မဟုတ်တော့ပေ။ ကုန်လွန်ခဲ့သည့်နှစ်များအတွင်း မြေ[၄]၊ ရေ[၅]၊ သမုဒ္ဒရာ[၆] အပါအဝင် သဘာဝသယံဇာတများကို 'မောင်ပိုင်စီးမှု' တစ်ချိန်တည်း ကျယ်ပြန့်လာသည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ အစိမ်းရောင်မောင်ပိုင်စီးလုယူမှုဟု[၇] ခေါ် ဆိုနေကြ သည်။

'သယံဇာတနှင့် ဩဇာအာဏာ မောင်ပိုင်စီးမှု' ၏ ယေဘုယျညွှန်းကိန်းတစ်ခုမှာ ဆုံးဖြတ်ချက်ချမှတ်ရာ၌ အသေးစားတစ်ပိုင်တစ်နိုင်တံငါသည်များကို ဖယ်ထုတ်လိုက်ခြင်းပင်ဖြစ်သည်။ ရလဒ်အနေဖြင့် - ကမ္ဘာ့မြောက်ဖက်ခြမ်းနှင့် တောင်ဖက်ခြမ်းအပါ - ကမ္ဘာတစ်လွှား၌ အသေးစားတစ်ပိုင်တစ်နိုင် တံငါသည်များ၏ ရေအောက်သယံဇာတအရင်းအမြစ်များအပေါ် လက်လှမ်းမီအသုံးချနိုင်စွမ်းကို နည်းမျိုးစုံဖြင့် ယုတ်လျော့အားနည်းသွားစေလျက်ရှိသည်။

လူသားသမိုင်းကြောင်းတစ်လျှောက် ရေအောက်သယံဇာတများကို ခွဲဝေချထားမှုနှင့် စပ်လျဉ်း၍ အပြောင်းအလဲများစွာ ဖြစ်ပေါ်ခဲ့သည်။ သို့သော်လည်း ရေအောက်သယံဇာတများကို ပြန်လည်ပြင်ဆင်နေရာချထားသည့်ပုံစံနှင့် အကြောင်းရင်းများ ပြောင်းလဲလာခဲ့ပြီး 'ကမ္ဘာအနှံ့သမုဒ္ဒရာမောင်ပိုင်စီးမှုများ' ကျယ်ကျယ် ပြန့်ပြန့်ဖြစ်ပွားလာခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ တံငါသည်များ၏ လတ်တလောလှုပ်ရှားမှုတစ်ခုအတွင်း ခေါင်းဆောင်တစ်ဦးက ဤသို့မှတ် ချက်ချခဲ့သည်။[၈]

*ကမ္ဘာအနှံ့ တံငါသည်လှုပ်ရှားမှုတွေကို စတင်အခြေတည်ကာစအချိန်တုန်းက အဓိကအားဖြင့် တစ်နိုင်တစ်ပိုင်အသေးစားငါးဖမ်းလုပ်ငန်းကဏ္ဍနဲ့ အကြီးစားငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူတွေအကြား နိုင်ငံရေးအရ အပြင်းအထန် ထိပ်တိုက်တွေ့ခဲ့ကြတယ်။ ကနေ့မှာတော့ စီးပွားရေးလုပ်ငန်းစုကြီးတွေရဲ့ မြေနဲ့ရေထုကိုမောင်ပိုင်စီးလုယူမှုကြောင့်တစ်ပိုင်တစ်နိုင်အသေးစားတံငါသည်တွေရဲ့ ငါးဖမ်းနယ်မြေတွေ လက်လွှတ်ဆုံးရှုံးနေရတဲ့အတွက် ထိပ်တိုက်ထိတွေ့တဲ့ နယ်ပယ်တွေပိုပြီးတော့ကျယ်ပြန့် လာတယ်။ ကမ္ဘာ့ခေါင်းဆောင်တွေကငါးဖမ်းနယ်မြေတွေကို ကျနော်တို့အသုံးချလို့မရအောင် ပိတ်ပင်တားမြစ်ပြီးတော့ရာသီဥတုပြောင်းလဲမှုကိုကိုင်တွယ်ဖြေရှင်းဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ရေနဲ့ မြေယာလုပ်ပိုင်ခွင့်တွေကို စီးပွားရေးလောကဆီကို ထိုးကျွေးလိုက်တဲ့ ယန္တရားတွေကို ရေးဆွဲပြင်ဆင်ဖို့ အာသီသပြင်းထန်နေကြတယ်။*

ဤအချက်သည် အကျပ်အတည်းများ (ငွေကြေး၊ စားနပ်ရိက္ခာ၊ ရာသီဥတု၊ စွမ်းအင်) 'တစ်နေရာတည်း၌ စုဆုံနေခြင်းကြောင့်' မြေနှင့် မြေယာဆိုင်ရာ သယံဇာတအရင်းအမြစ်များအပေါ် မောင်ပိုင်စီးလက်ဝါးကြီးအုပ်ရန် အားပေးအားမြှောက်ပြုလျက်ရှိကြောင်း ပေါ်လွင်ထင်ရှားစေသည်။ ၂၀၀၇/၈ မှစ၍ကမ္ဘာကြီးကို ကျွေးမွေးထောက်ပံ့ရန်၊ ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်း၍ ဖွံ့ဖြိုးတိုးတက်မှုကို ခိုင်မာသေချာစေရန်ဟူသည့် အကြောင်းပြချက်ပေါင်း သောင်းခြောက်ထောင်ဖြင့် 'ကမ္ဘာအနှံ့ မြေယာကိုအပူတပြင်း လက်ဝါးကြီးအုပ်လုယူမှု' များကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားလာသည်။ တစ်ချိန်တည်းမှာပင် လက်ရှိမြေယာအသုံးပြုသူများနှင့် အသေးစားတစ်ပိုင်တစ်နိုင် တောင်သူများသည်အဆိုပါရည်မှန်းချက်ပန်းတိုင်များကို ဖျက်လိုဖျက်ဆီးလုပ်နေသူများ သို့မဟုတ် အကျိုးရှိထိရောက်မှု ကင်းမဲ့စေသူများအဖြစ် ပုံဖော်ခံနေကြရသည်။[၉]

---

[၄] https://www.tni.org/files/download/landgrabbingprimer-feb2013.pdf

[၅] https://www.tni.org/files/download/the_global_water_grab.pdf

[၆] https://www.tni.org/files/download/the_global_ocean_grab.pdf

[၇] https://www.tni.org/en/article/green-grabbing

[၈] From Margaret Nakato's introduction to the COP21 side-event: "Blue Carbon: ocean grabbing in disguise?", 08.12.2015, Paris, see: http://worldfishers.org/wp-content/uploads/2016/06/Blue_Carbon_June_2016.pdf

[၉] Borras et al. 2016 – Intersections of climate change mitigation initiatives, land grabbing and conflict: the twin challenges of agrarian and climate justice in Myanmar. The Hague: ISS, Preliminary unpublished paper as part of the MOSAIC-project.

အလားတူပင် ကမ္ဘာအနှံ့သမုဒ္ဒရာ မောင်ပိုင်စီးလက်ဂါးကြီးအုပ်မှုကိုကျန်ရှိနေသေးသည့်ရေအောက်မျိုးစိတ်များ(အမျိုးသားအဆင့် ငါးလုပ်ငန်းမူဂါဒနှင့် အထက်အောက်ဆန်သည့် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကို ပြုပြင်ပြောင်းလဲခြင်း) ကိုကယ်တင်ရန်၊ ရာသီဥတုပြောင်းလဲမှုကို လျှော့ချရန် (အပြာရောင်ကာဗွန်လျှော့ချရေးလုပ်ဆောင်ချက်များ)နှင့်ကမ္ဘာနေလူထုကို ကျွေးမွေးထောက်ပံ့ရန် (အကြီးစားရေထွက်ကုန်လုပ်ငန်းကြီးများ သို့မဟုတ် ရေရှည်တည်တံ့ခိုင်မြဲသည့် အကြီးစားငါးလုပ်ငန်းများ) အကြောင်းပြ၍ ဥပဒေအရ တရားဝင်စည်းကြပ်ခွင့်ပြုလျက်ရှိသည်။

မြေယာလုပ်ယူမှုများအတွက် အကြောင်းပြသည့် ဇာတ်လမ်း၊ မတူကွဲပြားသည့် သမုဒ္ဒရာလုပ်ယူမှုပုံစံများ ဒွန်တွဲ ပါဝင်လျက်ရှိသည့်သို့မဟုတ်မြေစမ်းခရမ်းပျိုးသည့်ဇာတ်လမ်းများကအသေးစားတစ်ပိုင်တစ်နိုင်တံငါသည်များ၏ 'အစဉ်အလာ' ငါးဖမ်းနည်းလမ်းများသည် ထိရောက်အကျိုးရှိမှုနည်းပါး၍ အဖျက်အဆီးများကြောင်း တစ်ဘက်သတ်ပုံဖော်လျက်ရှိသည်။ ဤအခင်းအကျင်းအတွင်းနိုင်ငံအစိုးရများ၊နိုင်ငံစုံစီးပွားရေးလုပ်ငန်းကြီးများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ NGOs (ENGOs) များ၊ ငွေကစားသည့် ရင်းနှီးမြှုပ်နှံသူများနှင့် အခြားဇာတ်ကောင်များသည် ရေအောက်သယံဇာတအရင်းအမြစ်များအပေါ် 'မောင်ပိုင်စီးလက်ဂါးကြီးအုပ်နိုင်စေရန်' ဆထက်ထမ်းပိုးတိုး၍ ကြိုးပမ်းအားထုတ်လာကြသည်။

## မတူကွဲပြားသည့် ရေအောက်သယံဇာတ အရင်းအမြစ် မောင်ပိုင်စီးမှုပုံစံများ

အောက်တွင်ဖော်ပြထားသည့် မတူကွဲပြားသည့် မောင်ပိုင်စီးလုပ်ယူမှုပုံစံတစ်ခုချင်းစီ၌ ဩဇာအာဏာကြီးမားသည့် နိုင်ငံရေးနှင့် စီးပွားရေးဇာတ်ကောင်များ အတူတကွလက်တွဲ၍ ရေအောက်နှင့်ဆက်စပ်သယံဇာတအရင်းအမြစ်များကိုစိတ်ကြိုက်ထိန်းချုပ်အသုံးချနိုင်စေသည့် ယန္တရားများကို ပြန်လည်အသက်သွင်းရန် ကြိုးပမ်းလျက်ရှိသည်။

## အမျိုးသားအဆင့် ငါးလုပ်ငန်း မူဂါဒပြုပြင်ပြောင်းလဲရေး

ကမ္ဘာအဝှမ်းရှိ အမျိုးသားအဆင့်ငါးလုပ်ငန်းမူဂါဒများကိုပြုပြင်ပြောင်းလဲ၍ ပင်လယ်ရေအောက် သယံဇာတ အရင်းအမြစ်များအပေါ် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု အခွင့်အရေးပေးအပ်ရန် ကမ္ဘာလုံးအဝှမ်း တစ်ညီတစ်ညွတ်တည်း ဖိအားပေးတိုက်တွန်းလျက်ရှိသည်။ ဤပြုပြင်ပြောင်းလဲမှုများ၌ 'လူ့အခွင့်အရေးအခြေပြုသည့် ငါးလုပ်ငန်းမျိုး' ကို ရေရေရာရာညွှန်းဆိုထားခြင်းမရှိသော်လည်း သားငါးသယံဇာတများအပေါ် တစ်သီးပုဂ္ဂလိက ပစ္စည်းဥစ္စာပိုင်ဆိုင်မှု အခွင့်အရေးရစေရန် မျက်နှာသာပေးမည့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု အခွင့်အရေးကို အသားပေးထားသည်။

ဤလူ့အခွင့်အရေးအခြေပြု ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၏ နောက်ကွယ်ရှိ ယုတ္တိဗေဒသဘောတရားကို မလှစ်ဟပြမီ ပင်လယ်ပြင်ရှိ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု အခွင့်အရေးနှင့် ပတ်သက်သည့် နောက်ခံသမိုင်းအချိုးအကွေ့များကို မမေ့လျော့ရန် အလွန်အရေးကြီးသည်။ ၁၇ ရာစုနှောင်ပိုင်း ဖွံ့ဖြိုးလာသည့် အရင်းရှင်ဝါဒနှင့်အတူနိုင်ငံအစိုးရများနှင့်ကျယ်ပြန့်သည့်အကျိုးသက်ဆိုင်သူများသည် ထွန်းသစ်စကုန်ထုတ်လုပ်ငန်းများ၊ ကုန်သွယ်မှုပုံစံများ၊ ရေကြောင်းသွားလာမှုလမ်းကြောင်းများနှင့် ပထဝီနိုင်ငံရေးတို့နှင့် ပတ်သက်၍ ပိုမိုကျယ်ပြန့်သည့် ကြိုးပမ်းယှဉ်ပြိုင်မှု တစ်စိတ်တစ်ဒေသအဖြစ် သမုဒ္ဒရာအသုံးပြုခွင့် အခွင့်အရေး၊ နယ်မြေဒေသနှင့် ပိုင်ဆိုင်မှုဆိုင်ရာ ကိစ္စရပ်များကို စိတ်ကြိုက်အဓိပ္ပာယ်ဖွင့်ဆို၍ ဖြေလျှော့ပေးရန် စိုင်းပြင်းလာကြသည်။[၁၀] ဤကဲ့သို့သမုဒ္ဒရာသယံဇာတအရင်းအမြစ်များကိုတဖြည်းဖြည်းခြံခတ်သိမ်းဆည်းမှုကြောင့် ၁၉၈၂ ခုနှစ်တွင် ကုလသမဂ္ဂပင်လယ်ပြင်ဥပဒေဆိုင်ရာ သဘောတူစာချုပ် (UNCLOS) နှင့်အတူကြီးကျယ်သည့် သမိုင်းအချိုးအကွေ့တစ်ခု ပေါ်ပေါက်လာခဲ့သည်။ UNCLOS ၌နိုင်ငံအစိုးရများ၏ အထူးသီးသန့်စီးပွားရေးဇုံ (EEZ) ဟု အများသိထားသည့်အတိုင်း ကမ်းရိုးတန်းမှ ရေမိုင် (၂၀၀) အကွာအဝေးအတွင်းရှိ ပင်လယ်ရေအောက် သယံဇာတအရင်းအမြစ်များအားလုံးကို နိုင်ငံပိုင်အဖြစ် ကြေညာခဲ့သည်။ ထိုအချိန်မှစ၍ လူ့ဘောင်အသိုက်အဝန်း၌ မတူကွဲပြားသည့် အကျိုးစီးပွားများအတွက် EEZ အတွင်းရှိ သယံဇာတအရင်းအမြစ်များကို လက်လှမ်းမီထိန်းချုပ်အသုံးချနိုင်စေမည့် ငါးလုပ်ငန်းများအတွက် သက်ဆိုင်ရာအစိုးရများကို သူ့ထက်ငါအလုအယက်ချဉ်းကပ်လာကြတော့သည်။

လူ့အခွင့်အရေးအခြေပြုပြုပြင်ပြောင်းလဲရေး၏နောက်ကွယ်မှ သဘောတရားသည် ရှင်းလင်းပြတ်သားစွာဖြင့် ကမ္ဘာကြည့်ကြည့်၍ လူနှင့်သဘာဝအကြား ပတ်သက်ဆက်နွယ်မှုကို နားလည်သဘောပေါက်အောင် လေ့လာသုံးသပ်မှုအပေါ် အခြေခံထားခြင်းဖြစ်သည်။ ဤသဘောတရားအရ သဘာဝသယံဇာတများကိုအများသဘောတူဆုံးဖြတ်မှုဖြင့်မလွှဲမရှောင်သာထုတ်ယူအသုံးပြုသည့်ပုံစံသည် သယံဇာတများကို တစ်သီးပုဂ္ဂလအကျိုးစီးပွားအတွက် တတ်နိုင်သမျှ အများဆုံးထုတ်ယူသုံးစွဲခွင့်ရရှိရန် ယှဉ်ပြိုင်မှုကြောင့် ပျက်စီးသွားလိမ့်မည်ဟု သုံးသပ်ရသည်။ ဤသဘောတရားအရ အစိုးရသော်လည်းကောင်း ဈေးကွက်စီးပွားရေးစနစ်အရသော်လည်းကောင်း အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ခြင်း သို့မဟုတ် စည်းကြပ်ဖိအားပေးခြင်းမရှိပါက လူသားများသည် မိမိတို့၏ သယံဇာတအရင်းအမြစ်များကို ရေရှည်တည်တံ့ခိုင်မြဲစွာ စီမံခန့်ခွဲမည် သို့မဟုတ် စီမံခန့်ခွဲနိုင်ခြင်းမရှိသကဲ့သို့ မှတ်ယူစေသည်။ ဤကဲ့သို့ ကမ္ဘာကြည့်ကြည့်ခြင်းကို ယေဘုယျ

[၁၀] Campling, L. & E. Havice. 2014. The problem of property in industrial fisheries. Journal of peasant studies. 41 (5). 707-727

အားဖြင့် သဘာဝသယံဇာတအရင်းအမြစ်များကို ထိန်းထိန်းသိမ်းသိမ်းဖြင့်ကာကွယ်စောင့်ရှောက်မည့်မူဝါဒရေးရာအရေးယူဆောင်ရွက်ချက်များကို မီးမောင်းထိုးပြထားသည့် 'ဘုံပိုင်ပစ္စည်းများ၏ ကြေကွဲဖွယ်ရာ ဖြစ်ရပ်ဆိုး' ဟု ခေါ်ဆိုခဲ့ကြသည်။

'ဘုံပိုင်ပစ္စည်းများ၏ ကြေကွဲဖွယ်ရာဖြစ်ရပ်ဆိုး' ဟူသည့် ကမ္ဘာ့ကြည့်ကြည့်ခြင်းအပေါ် အခြေတည်ထားသည့် အမျိုးသားအဆင့်ငါးလုပ်ငန်းဆိုင်ရာမူဝါဒပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအတွင်းရှိ အဓိကကျသည့် ပြဿနာရပ်မှာ "နည်းပါးလှသည့် ငါးပမာဏကို များပြားလွန်းသည့် တံငါသည်များ လိုက်လံဖမ်းဆီးနေခြင်း" ကြောင့် 'အလွန်အကျွံငါးဖမ်းသည့်' အခြေအနေသို့ ဦးတည်သွားစေလျက်ရှိသည်။ ဤအချက်နှင့်ပတ်သက်၍အစိုးရ၌သားငါးသယံဇာတများကို ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်သည့်စွမ်းရည်မရှိဟု အမြဲတမ်းလိုလို ဝေဖန်ပြစ်တင်လေ့ရှိသည်။ ဤပြဿနာကို ကိုင်တွယ်ဖြေရှင်းရန်အတွက် တံငါသည်အရေအတွက်ကို ကန့်သတ်၍ အတိုင်းအတာတစ်ခုအထိ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် ပုံစံတစ်မျိုးမျိုးကို အပ်နှင်းပေးရန်လိုအပ်သည်။ ဤနည်းအားဖြင့် တံငါသည်များကို ဖမ်းယူခွင့်ပြုသည့် သတ်မှတ်ငါးပမာဏအပေါ် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် အခွင့်အရေးအပ်နှင်းပေးခြင်းဖြစ်သည်။ ဤပစ္စည်းဥစ္စာဆိုင်ရာ အခွင့်အရေးရလာသည့်အခါ (ပြီးနောက်ပိုင်း) အရင်းအမြစ်များကို ရေရှည်တည်တံ့ခိုင်မြဲသည့် နည်းလမ်းမျိုးဖြင့် အသုံးပြုမပြုဆိုသည်မှာ တစ်ဦးချင်းစီ၏ စိတ်ဝင်စားမှုအပေါ်သာ မူတည်သည်ဟု ဝေဖန်လျက်ရှိသည်။ ထိုသို့ဖြစ်လာခဲ့မည်ဆိုလျှင်ပင် မူဝါဒပြုပြင် ပြောင်းလဲမှုအားဖြင့် စည်းကြပ်ထိန်းကျောင်းမည့် ပစ္စည်းဥစ္စာဆိုင်ရာ အခွင့်အရေး၌ ထူးကဲသည့်လက္ခဏာရပ်အချို့နှင့်ကိုက်ညီမှုရှိရန် လိုအပ်သည်။ သားငါးအရင်းအမြစ်များနှင့် ပတ်သက်သည့် ပစ္စည်းဥစ္စာဆိုင်ရာ အခွင့်အရေးကို'လက်ဆင့်ကမ်းလွှဲပြောင်းပိုင်ခွင့်'နှင့်ပစ္စည်းဥစ္စာဆိုင်ရာ အခွင့်အရေးကို စီးပွားရေးအရ ရောင်းဝယ်ဖောက်ကားနိုင်သည့်တန်ဖိုးရှိလာစေသည့်ဈေးကွက်စီးပွားရေးစနစ်အားဖြင့် ဖြန့်ဖြူးရောင်းချပိုင်မှု အခွင့်အရေးရှိရမည်။ နှစ်ကာလရှည်ကြာသည့်ပစ္စည်းဥစ္စာဆိုင်ရာ အခွင့်အရေးဖြစ်ရန် လိုအပ်သည်။ အဆိုပါ အခွင့်အရေးကို အသုံးပြုနိုင်သည့် လူအရေအတွက်ကိုလည်း ကန့်သတ်ထားရန်လိုအပ်သည်။ ထို့အပြင် နောက်ဆုံးအနေဖြင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု အခွင့်အရေးကို အစိုးရမှ အကာအကွယ်ပေး၍အာမခံပေးရမည်။ ဤကဲ့သို့ကမ္ဘာ့ကြည့်ကြည့်မှုကိုထောက်ခံအားပေးသူများက မတူကွဲပြားသည့် ပစ္စည်းဥစ္စာဆိုင်ရာ အခွင့်အရေးပုံစံအမျိုးမျိုးကို ရှင်းလင်းဖော်ပြထားသော်လည်း စဉ်းစားတွေးတောထားသည့် သဘောတရားအရ 'အပြည့်စုံဆုံးသော' ပစ္စည်းဥစ္စာပိုင်ဆိုင်မှု အခွင့်အရေးသည် ပုဂ္ဂလိကပိုင်ဖြစ်နေသည်။ 'လူ့အခွင့်အရေးအခြေပြု'ပုံစံကို ထောက်ခံအားပေးသည့် အဖွဲ့တစ်ဖွဲ့က ၁၉၈၉ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာတမ်း၌ ဤကဲ့သို့သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည် "ဘုံပိုင်သမုဒ္ဒရာ အရင်းအမြစ်များကို ပုဂ္ဂလိကပိုင်ပြုလုပ်၍ ခြံခတ်သိမ်းဆည်းခြင်း" ဖြစ်သည်ဟု ရှင်းလင်းတင်ပြထားသည်။ ဆိုလိုရင်းအချက်မှာ သားငါးသယံဇာတများကို အခြားကုန်စည်များနည်းတူ ဈေးကွက်စီးပွားရေးစနစ်အတွင်းသို့ သွတ်သွင်းလိုက်ခြင်း ဖြစ်သည်။ ထိုသို့လုပ်ဆောင်ပြီးပါက ဈေးကွက်ယန္တရားများမှ ငါးလုပ်ငန်းစနစ်ကို ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရန် အလိုအလျောက် ထိန်းကျောင်းသွားမည်ဟု ယူဆခြင်းဖြစ်သည်။ သို့ဖြစ်၍ 'လူ့အခွင့်အရေး' ရှုထောင့်မှကြည့်သော် ဤကဲ့သို့သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည် လူ့အခွင့်အရေးထက်စာလျှင် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု အခွင့်အရေးဘက်သို့ ပိုမိုမဲတင်းပေးထားကြောင်း ဂရုပြုရန် အလွန်အရေးကြီးသည်။[၁၁]

လူ့အခွင့်အရေးအခြေပြု ငါးလုပ်ငန်းများဖြစ်စေရန်အတွက် တိုက်တွန်းအားပေးလျက်ရှိသည့် ကမ္ဘာ့နေရာ ဒေသပေါင်းစုံရှိ မတူကွဲပြားသည့် လုပ်ဆောင်ချက်အမျိုးမျိုးတွင် ပါဝင်လျက်ရှိသည့် ဇာတ်ကောင်များ၌[၁၂] - နိုင်ငံပေါင်းစုံပါဝင်သည့် အစိုးရအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ (ဥပမာ - ကမ္ဘာ့ဘဏ်၊ USAID၊ ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်အစီအစဉ်)၊ နိုင်ငံပေါင်းစုံ၌ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ NGO များ (ဥပမာ - WWF, WCS, Environmental Defense Fund, Conservation International, RARE, The Nature Conservancy)၊ ပုဂ္ဂလိက ကဏ္ဍဇာတ်ကောင်များ (ဥပမာ - Aquaculture Stewardship Council, COSTCO, Darden Restaurants) နှင့် ပရဟိတအဖွဲ့အစည်းများ (ဥပမာ - Clinton Climate Initiative, GRID-Arendal, Walton Family Foundation) ပါဝင်လျက်ရှိသည်။

ဤဇာတ်ကောင်များက လူ့အခွင့်အရေးအခြေပြု ငါးလုပ်ငန်းများသည် ဖွံ့ဖြိုးတိုးတက်ရေးကိုသာမက ရေရှည်တည်တံ့သည့်ငါးလုပ်ငန်းများဖြစ်စေရန် အာမခံပေးသည်ဟု ပြောဆိုထားသည်။ သို့သော်လည်း အောက်ခြေမြေပြင်ရှိ လူ့အခွင့်အရေးအခြေပြုငါးလုပ်ငန်းများနှင့်ပတ်သက်သည့်အတွေ့အကြုံများက သာတူညီမျှမှုနှင့် လူမှုရေးတရားမျှတမှုအတွက် ကြိုးပမ်းအားထုတ်မှုများအပေါ် ဆိုးဆိုးရွားရွား ထိခိုက်စေခြင်းနှင့်အတူ တံငါသည်အသိုက်အဝန်းများအကြား လူတန်းစားမညီမျှမှုကို မြင့်တက်လာစေသဖြင့် မကြာခဏဆိုသလို အကြီးအကျယ် လူမှုရေးကသောင်းကနင်းဖြစ်စေလေ့ရှိကြောင်း ပြဆိုလျက်ရှိသည်။ သို့ဖြစ်၍ မကြာခဏဆိုသလို ငါးလုပ်ငန်းလုပ်ကိုင်သူများ၏ လှုပ်ရှားမှုများကို ဝေဖန်လာကြပြီး ချီလီမှသည် တောင်အာဖရိကနှင့် အင်ဒိုနီးရှားအထိ 'လူ့အခွင့်အရေးအခြေပြု ငါးလုပ်ငန်းများ' ကျယ်ပြန့်လာမှုကို တွန်းလှန်သည့် အင်အားစုများ ပေါ်ပေါက်လာခဲ့သည်။[၁၃]

[၁၁] အချက်အလက်များကို ပိုမိုသိရှိလိုပါက TNI၏ ငါးလုပ်ငန်းကဏ္ဍ လူ့အခွင့်အရေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုအခွင့်အရေး အားပြိုင်မှုအစီရင်ခံစာကို ကြည့်ရှုပါ။ https://www.tni.org/files/article-downloads/human_rights_versus_property_rights_implementation_of_the_ssf_ guidelines_en.pdf

[၁၂] စာရင်း၌ပါရှိသည့် ဇာတ်ကောင်များအားလုံးသည် ကမ္ဘာတစ်လွှား 'လူ့အခွင့်အရေးအခြေပြုငါးလုပ်ငန်းများ'အဖြစ် ပြုပြင်ပြောင်းလဲရန် ရည်ရွယ်၍ ကမ္ဘာ့ဘဏ်မှ ဦးဆောင်လျက်ရှိသည့် သမုဒ္ဒရာများအတွက် ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်အဖွဲ့၏ အဖွဲ့ဝင်များဖြစ်ကြသည်။

[၁၃] ထုတ်ပြန်ချက်၏ ကျန်သတင်းအချက်အလက်များကို http://worldfishers.org/wp-content/uploads/2015/11/WFFP-WFF-Call-on-Governments_GPO_200313.pdf ဤနေရာ၌ ကြည့်ရှုပါ။

*လူ့အခွင့်အရေးအခြေပြု ငါးလုပ်ငန်းများသည် တစ်ပိုင်တစ်နိုင်တံငါသည်များကို တစ်ဖက်သတ်ခွဲခြား ဖယ်ထုတ်မှုဆီသို့ ဦးတည်စေပြီး ငါးဖမ်းပိုင်ခွင့်ကို ရေပေါ်ဆီလူနည်းစုလက်သို့ ဂကွက်အပ်နှံပေးရာ ရောက်လျက်ရှိသည်။ လူ့အခွင့်အရေးအခြေပြု ငါးလုပ်ငန်းများသည် တစ်ပိုင်တစ်နိုင်ငါးဖမ်းလုပ်ငန်းနှင့် သဟဇာတမဖြစ်သောကြောင့် ဓလေ့ထုံးစံအရ ငါးဖမ်းမှုကို စီမံခန့်ခွဲသည့် အလေ့အထများ ပျောက်ကွယ်သွားနိုင်ပါသည်။*

မြန်မာနိုင်ငံရှိ တံငါသည်ထုအတွက် ဤကဲ့သို့သော အခင်းအကျင်းမျိုးနှင့်မစိမ်းလှပေ။ နှစ်ကာလအရှည်အရှည်သမိုင်းကြောင်းကိုပြန်ကြည့်မည်ဆိုလျှင် ကိုလိုနီခေတ်မတိုင်မီအချိန်မှ[၁၄] မျက်မှောက်ခေတ်အထိ မြန်မာနိုင်ငံ၏ သားငါးသယံဇာတများအပေါ် လက်လှမ်းမီအသုံးချ၍ ထိန်းချုပ်စီမံပိုင်ခွင့်ရလိုသည့် ကိစ္စရပ်နှင့် စပ်လျဉ်း၍ အကျောက်အကန်ယှဉ်ပြိုင်မှုများနှင့် ပဋိပက္ခပေါင်းများစွာဖြစ်ပွားခဲ့ပြီး လက်ရှိအချိန်၌လည်း နိုင်ငံတကာအလှူရှင်များမှသည် ရင်းနှီးမြှုပ်နှံသူများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ NGO များအထိ အလုအယက် စိတ်ဝင်စားနေဆဲဖြစ်သည်။ လူ့အခွင့်အရေးအခြေပြုငါးလုပ်ငန်းမူဝါဒကိုမိတ်ဆက်ကျင့်သုံးရာမှ ပေါ်ထွက်လာသည့်ခြိမ်းခြောက်မှုများထက်စာလျှင် ယနေ့ခေတ်တစ်ပိုင်တစ်နိုင်ရေလုပ်သားငယ်များ အဓိက ကြုံတွေ့နေရသည့် ကိစ္စရပ်မှာ ပြည်ထောင်စုအစိုးရနှင့် ရေကြောင်းအာဏာပိုင်များ၏တည်ဆဲဥပဒေများကို ဖိဖိစီးစီးစည်းကြပ်ဖော်ဆောင်ရန် ပျက်ကွက်နေခြင်းဖြစ်သည်။ ရလဒ်အနေဖြင့် တစ်ပိုင်တစ်နိုင်တံငါသည်လေးများသည် ကမ်းရိုးတန်းရေပိုက်နက်တစ်လျှောက် ရသမျှအကုန် သိမ်းကျုံးယူသည့် အကြီးစားငါးဖမ်းရေယာဉ်အုပ်စုများ၏ကျူးကျော်ဝင်ရောက်မှုကို ခါးစည်းခံလာကြရပြီး တစ်ပိုင်တစ်နိုင်တံငါသည်များနှင့် အကြီးစား ငါးဖမ်းရေယာဉ်အုပ်များအကြားတင်းမာမှုများပိုမိုပြင်းထန်လာသည်။ အချို့သောတစ်ပိုင်တစ်နိုင်အသေးစားငါးလုပ်ငန်းရှင်များက ဤကဲ့သို့သော အကြီးစားငါးဖမ်းရေယာဉ်အုပ်များကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီစည်းကြပ်အရေးယူရန် ပျက်ကွက်နေခြင်းသည် ရေကြောင်းအာဏာပိုင်များနှင့် အဆိုပါ ရေယာဉ်ပိုင်ရှင်များအကြားရှိ နီးစပ်သည့်ဆက်ဆံရေးကြောင့်သာမက အာဏာပိုင်များကို ငွေဖြင့်ပေါက်၍ခါးပိုက်ထဲထည့်ထားနိုင်စွမ်းပါရှိနေ၍ဖြစ်ကြောင်းဤသို့ "ပိုက်ဆံရှိတဲ့သူတွေ ပင်လယ်ပြင်ဥပဒေကို ချိုး ဖောက်ရင်လည်း အရေးယူမခံရတဲ့အတွက် ဘာမှဂရုစိုက်စရာမလိုဘူး" ပြောဆိုခဲ့သည်။[၁၅] ဤကဲ့သို့သော အခြေအနေကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ NGO များမှသည် နိုင်ငံတကာအလှူရှင် အဖွဲ့အစည်းများအထိ[၁၆] ပြည်တွင်းနှင့် ဒေသတွင်းငါးလုပ်ငန်းမူဝါဒများကို ပြုပြင်ပြောင်းလဲမှုပြုရန် ပါဝင်ဆောင်ရွက်လာ ကြခြင်းဖြစ်သည်။

လူ့အခွင့်အရေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုအခွင့်အရေးအကြားရှိ အရေးပါသည့် ကွဲပြားခြားနားမှု အားလုံးမှ မည်သည့်အမြင်သဘောထားက ထိပ်ဆုံးကို ရောက်ရှိလာမည်နည်း။

## အထက်အောက်ဆန်သည့် ထိန်းသိမ်းစောင့်ရှောက်ရေး စီမံကိန်းများ - 'အပြာရောင် မောင်ပိုင်စီးလုယူမှု'

အမျိုးသားအဆင့်ငါးလုပ်ငန်းမူဝါဒပြုပြင်ပြောင်းလဲရေးနှင့်အတူ ကုန်လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း 'ပင်လယ်ပြင်ကာကွယ်ရေးဇရိယာများ (MPAs)' သို့မဟုတ် 'ဒေသအလိုက်စီမံခန့်ခွဲသည့် ပင်လယ်ပြင်ဇရိယာများ (LMMAs)' ဟုခေါ်ဆိုသည့် ရေပိုက်နက်များကို အကြီးအကျယ်တိုးချဲ့၍ စည်းကြပ်အကောင်အထည် ဖော်လျက်ရှိကြောင်း တွေ့ရှိခဲ့ရသည်။ ကုန်းတွင်းပိုင်းဒေသများရှိ 'အဓိကကျသည့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းနယ်မြေများ' ကဲ့သို့ပင် ရေအောက်သယံဇာတများကို အလွန်အကျွံ ထိန်းသိမ်းကန့်သတ်လိုက်ပြီး အချို့နေရာများ၌ ရေအောက်သဘာဝအရင်းအမြစ်များနှင့် လူသားအကြား အပြန်အလှန်အမှီသဟဲပြုမှုကို လုံးဝနီးပါး ဖြတ်တောက်ပစ်ခဲ့ကြသည်။ ကာကွယ်ရေးနယ်မြေဒေသများ၏ နောက်ဆက်တွဲအကျိုးဆက်များကို ဆန်းစစ်လေ့လာသည့် ပညာရှင်များက သဘာဝပတ်ဝန်းကျင်အကြောင်းပြု၍ မြေနှင့်ဆက်စပ်သည့် သယံဇာတ အရင်းအမြစ်များကို လုယူမှုဟု အဓိပ္ပာယ်ရသည့် 'အစိမ်းရောင်မောင်ပိုင်စီးလုယူမှု' ဟူသည့် ဝေါဟာရတစ်ရပ်ကို တီထွင်ခဲ့ကြသည်။[၁၇] ထိုနည်းတူပင် သုတေသီတစ်ချို့ကလည်း ရေအောက်အရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်မှုကို 'အပြာရောင်မောင်ပိုင်စီးလုယူမှု' ဟူ၍ အမှတ်သညာပြုခဲ့ကြသည်။[၁၈]

MPA များ ပြန့်ပွားလာမှုသည် အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သည့် 'ဘုံပိုင်ပစ္စည်းများ၏ ကြေကွဲဖွယ်ရာဖြစ်ရပ်ဆိုး' နှင့် အလားတူသည့်အကြောင်းပြချက်ပေါ် အခြေတည်ထားခြင်းဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ်အတွင်းသို့သွတ်သွင်းလိုက်ခြင်း မရှိသော်လည်း MPA များသည် ပင်လယ်ပြင်ရေပိုင်နက်အပေါ် ဆောင်ရမည့် လုပ်ဆောင်ချက်များနှင့် ရှောင်ရမည့်လုပ်ဆောင်ချက်များကို တိကျသည့် ဥပဒေစည်းမျဉ်းစည်းကမ်းများ စည်းကြပ်ပြဋ္ဌာန်း၍ အစိုးရပိုင်ပြုလုပ်လိုက်ခြင်းဖြစ်သည်။ ဤကဲ့သို့သောအရေးယူဆောင်ရွက်ချက်မျိုးကို တစ်ခါတစ်ရံ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ NGO များ (ENGOs) နှင့် ပူးပေါင်းဆောင်ရွက်လေ့ရှိသည်။ ဤကဲ့သို့သော လုပ်ဆောင်ချက်မျိုးဖြင့် ကျယ်

[၁၄] Furnivall, J. 1909. Land as a free gift of nature. The Economic Journal 19 (76), 552-562

[၁၅] အသေးစားတံငါသည်တစ်ဦး၊ ထားဝယ်ခရိုင်၊ ၂၀၁၆ ခုနှစ် ၁၂ လပိုင်း ၁ ရက်နေ့

[၁၆] ဥပမာ - မြန်မာနိုင်ငံ ငါးလုပ်ငန်းများ မိတ်ဖက်အဖွဲ့အစည်း - http://pubs.iclarm.net/resource_centre/MFP-01-Overview.pdf

[၁၇] For more, see TNI-website: https://www.tni.org/en/article/green-grabbing

[၁၈] Benjaminsen, T.A. & I. Bryceson. 2012. Conservation, green-blue grabbing and accumulation by dispossession in Tanzania. Journal of Peasant Studies 39 (2), 335-55

ပြန့်သည့် ပင်လယ်ပြင်ရေပိုင်နက်များအတွင်း လူသားများ၏ လုပ်ဆောင်ချက်များ အထူးသဖြင့် ငါးဖမ်းလုပ်ငန်းများကို လုံးဝ သော်လည်းကောင်း တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း ကန့်သတ်တားမြစ်မည့်အစိုးရ၏အစီအစဉ်ဖြစ်သည်။ တစ်ပိုင်တစ်နိုင် အသေးစားတံငါသည်များအား MPAပေါင်းများစွာကိုလက်လွှတ်ဆုံးရှုံးစေသည့် အကျိုးသက်ရောက်မှုကို တွေ့ကြုံခံစားရစေလျက်ရှိသဖြင့် ဂိုဂါဒကဲ့ပြားလျက်ရှိပြီး "ပြည်တွင်းလုပ်ငန်းကာကွယ်ရေး၊ အာဏာရှင်ဆန်၍ အင်အားသုံး ဖိနှိပ်ချုပ်ခြယ်သည့် ထိန်းသိမ်းစောင့်ရှောက်ရေး အလေ့အထ"အဖြစ် သတ်မှတ်ခြင်းခံနေရသည်။"[၁၉] မကြာခဏဆိုသလို ဤကဲ့သို့သော လုပ်ဆောင်ချက်များကို လုံလောက်ဖူလုံရုံမျှသာ သယံဇာတအရင်းအမြစ်ထုတ်ယူသုံးစွဲခြင်းဖြစ်သည်သို့မဟုတ်လူသားများ၏လုပ်ဆောင်ချက်သည် အမှန်တကယ်ပင် 'သဘာဝနှင့် ဆန့်ကျင်၍' 'အလွန်အကျွံငါးဖမ်းမှု'နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှုဆီသို့ ဦးတည်စေလျက်ရှိသည်ဟု သမုတ်၍ တရားဝင်ဖြစ်စေရန် လုပ်ဆောင်လေ့ရှိသည်။

ဥပမာအားဖြင့် တန်ဇန်းနီးယားရှိ ဒီရေတောထိန်းသိမ်းရေးလုပ်ငန်းများနှင့် MPA များကို သုတေသနပြုချက် အရ ENGO များနှင့် အစိုးရဌာနများက ထိုကဲ့သို့တစ်သွေမတိမ်း လိုက်လံလုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိခဲ့သည်။ တစ်ပိုင်တစ်နိုင်အသေးစားတံငါသည်များ၏ ငါးသယံဇာတအသုံးပြုမှုကို ဆက်လက်ပြစ်တင်ဝေဖန်၍ "ပြည်တွင်းနှင့် နိုင်ငံတကာဇာတ်ကောင်များအား နယ်ခံလူထုလူတန်းစားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ပထဝီရေမြေအနေအထားကို ဝင်ရောက်စွက်ဖက်ရန်" လမ်းခင်းပေးခဲ့သည်။[၂၀] ရသမျှအကုန်သိမ်းကျုံးယူသည့် အကြီးစားငါးဖမ်းရေယာဉ်အုပ်များ ကမ္ဘာတစ်လွှားရှိ ငါးသယံဇာတများကိုအလွန်အကျွံဖမ်းဆီးလျက်ရှိကြောင်းထင်ရှားနေသော်လည်း "မာဖီးယားကျွန်း (တန်ဇန်းနီးယား) ကဲ့သို့သော နေရာဒေသများရှိလက်လုပ်လက်စားနှင့် တစ်ပိုင်တစ်နိုင် အသေးစားငါးလုပ်ငန်းများသည်သာလျှင် အလွန်အကျွံ ငါးဖမ်းမှုအတွက် တာဝန်ရှိသကဲ့သို့ ခေါင်းပုံချခြင်းသည် လက်တွေ့အခြေအနေကို ထင်ဟပ်စေသည့် အထောက်အထားများနှင့် ဝေးကွာလျက်ရှိပြီး ပြဿနာကိုပါ လမ်းလွှဲတင်ပြရာရောက်နေပါသည်။"[၂၁] သို့သော်လည်း တစ်ပိုင်တစ်နိုင်အသေးစားတံငါသည်များအပေါ် ခေါင်းပုံချသည့် ကိစ္စရပ်သည် တန်ဇန်းနီးယား၌သာ ဖြစ်ပျက်နေခြင်းမဟုတ် သကဲ့သို့ အသေးစားတစ်ပိုင်တစ်နိုင်တံငါသည်များအပေါ် ခေါင်းပုံချသည့် ကိစ္စရပ်သည် တန်ဇန်းနီးယား၌သာ အဆုံးသတ်သွားခြင်းမရှိပါ။ WWF ၏ 'အပြာရောင် သက်ရှိဂြိုလ် အစီရင်ခံစာ' ပါ 'အလွန်အကျွံငါးဖမ်းမှု' ဆိုင်ရာအခန်းတွင် အချို့သောအခြေအနေများ၌ "အသေးစားငါးဖမ်းရေ ယာဉ်အုပ်များကိုယ်၌ ငါးသယံဇာတဆုတ်ယုတ်ကျဆင်းမှုနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုကို ဖြစ်ပေါ်စေသည့် လက်သည်များဖြစ်နေတတ်သည်" ဟုဖော်ပြထားသည်။[၂၂] ဖြေရှင်းရေး နည်းလမ်းတစ်ရပ်အနေဖြင့် MPA များကို တိုးချဲ့ဖော်ဆောင်ရန် အစီရင်ခံစာ၌ တိုက်တွန်းထားသည်။

ဤကဲ့သို့သော MPA ပုံစံများ ပြန့်ပွားလာခြင်းသည် အသေးစားတံငါသည်များကို လမ်းလွှဲသွားစေလျက်ရှိသည်။ ရေအောက်သယံဇာတအရင်းအမြစ်များနှင့် သက်ဆိုင်ရာသဘာဝပတ်ဝန်းကျင်များကို ထိခိုက်ပျက်စီးစေလျက်ရှိသည့် ဥပမာ ရသမျှအကုန်သိမ်းကျုံးယူသည့် အကြီးစားငါးဖမ်းလုပ်ငန်းများ၊ ရေထွက်ကုန်လုပ်ငန်းကြီးများနှင့် ရေအောက်သတ္တုတူးဖော်ရေးလုပ်ငန်းကဲ့သို့သောအဓိကမောင်းနှင်အားများကို ဦးတည်ပစ်မှတ်ထားခြင်းမရှိသဖြင့် ဖျက်လိုဖျက်ဆီးလုပ်သည့် အလေ့အထများ ဆက်လက်ပန်းပန်နေဆဲဖြစ်သော်လည်း လက်လုပ်လက်စားတံငါသည်များမှာမိမိတို့၏ ဘဝများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုစွန့်လွှတ်အနစ်နာခံနေရဆဲဖြစ်သည်။ သို့ဖြစ်၍ WFFP ၏ အထွေထွေအတွင်းရေးမှူးချုပ်က ၂၀၁၄ ခုနှစ် အတွင်း ဆစ်ဒနီ၌ ကျင်းပခဲ့သည့် IUCN ၏ 'ကမ္ဘာ့ဥယျာဉ်ကြီးများညီလာခံ'၌ ဤသို့မှတ်ချက်ပြုခဲ့သည်။

> *'ထိန်းသိမ်းစောင့်ရှောက်ရေး' ဆိုတဲ့ စကားရပ်ဟာ ကမ္ဘာအဝှမ်း ပြန့်ကျဲနေတဲ့ ဒေသခံတံငါသည်သန်းပေါင်းများစွာအတွက် ဆိုးရွားတဲ့အိမ်မက်ဆိုးတစ်ခုပါပဲ။ ဘာကြောင့်လဲဆိုတော့ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းတွေဆီက ဘာအကျိုးကျေးဇူးမှမရရှိခင်မှာ ကျနော်တို့ရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေနဲ့ ငါးဖမ်းရာကရနေတဲ့ ဝင်ငွေတွေကိုအရင်ဆုံး စွန့်လွှတ်ခိုင်းနေသလို ဖြစ်နေတဲ့အတွက်ကြောင့်ပါ။*[၂၃]

၎င်းတို့၏ အကြွင်းမဲ့အာဏာရှင်ဆန်၍ ဖိနှိပ်ချုပ်ခြယ်သည့်ထိန်းသိမ်းစောင့်ရှောက်ရေး[၂၄] ချဉ်းကပ်လုပ်ဆောင်မှုရလဒ်တစ်ခုအနေဖြင့် ကုန်းတွင်းကာကွယ်ရေးနယ်မြေများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၌ ဂိုရောဇ်ဖြစ်သည့် နောက်ခံသမိုင်းရှည်ကြီးရှိခဲ့သော်လည်း ပင်လယ်ရေပြင်သို့ အလားတူသံတူကြောင်းကွဲမှုများ ကျယ်ပြန့်လာခြင်းမရှိသေးပေ။ ယခုအချိန်ထိ မြန်မာနိုင်ငံ၌ ပင်လယ်ရေပြင်ကာကွယ်ရေးဇရိယာအနေဖြင့် လန်ပိအဏ္ဏဝါဥယျာဉ်တစ်ခုတည်းသာရှိခဲ့သည်။ ကိုယ်ပိုင်အငြင်းပွားဖွယ်ရာ သမိုင်းကြောင်းနောက်ခံရှိခဲ့သည်ဟု (နောက်အခန်းတွင်ကြည့်ရှုပါ) ဆိုရသော်လည်း ယင်းအမျိုးသားဥယျာဉ်ကို "မြန်မာ

---

[၁၉] Wolff, M. 2015. From sea sharing to sea sparing – Is there a paradigm shift in ocean management? Ocean & Coastal Management 116, p.16

[၂၀] Beymer-Farris, B.A. & Bassett, T.J. 2012. The REDD menace: Resurgent protectionism in Tanzania's mangrove forests. Global Environmental Change. 22, 332-341

[၂၁] Benjaminsen & Bryceson 2012, p. 350[၂၂] For more, see TNI-website: https://www.tni.org/en/article/green-grabbing

[၂၂] WWF 2015. Living Blue Planet Report: Species, habitats and human well-being, p. 27. Switzerland: WWF International

[၂၃] The Ecologist, 2014 အတွင်း ကိုးကားတင်ပြထားသည်။ http://www.theecologist.org/News/news_analysis/2645220/marine_protected_areas_in_south_africa_ocean_grabbing_by_another_name.html

[၂၄] Noam 2007 Eco-authoritarian conservation and ethnic conflict in Burma. Policy Matters: Conservation and Human Rights, 15, 272-287

နိုင်ငံရှိ ကာကွယ်ရေး ဇရိယာများ၏ စံပြအဖြစ်” သတ်မှတ်ခြင်း ခံထားရသည်။[၂၅] ဤအမျိုးသားဥယျာဉ်၏ လေကြောင်းဂယက် ရိုက်ခတ်မှုကြောင့် မျက်မှောက်ခေတ် မြန်မာ့ကမ်းရိုးတန်းတစ်လွှား “ဒေသအလိုက်စီမံခန့်ခွဲသည့် ပင်လယ်ပြင်ဇရိယာများ” အမြောက်အများ ပေါ်ထွက်လာခဲ့သည်။

## သဘာဝခရီးသွားလုပ်ငန်း

ဤနှစ်များအတွင်း ကမ္ဘာအနှံ့ရှိ ကမ်းရိုးတန်းများနှင့် ကုန်းတွင်းရေထုဂန်းကျင် အထူးသဖြင့် ကမ္ဘာ့တောင်ပိုင်းဒေသများ၌ သဘာဝခရီးသွားလုပ်ငန်းများ တစ်ရှိန်ထိုးပျံ့နှံ့လာခဲ့သည်။ ဒေသခံလူထုလူတန်းစားများထိန်းချုပ်စီမံခန့်ခွဲသည့်ခရီးသွားလုပ်ငန်းများက ဒေသတွင်းလူမှု-စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိသော်လည်း ရေပေါ်ဆီလူတန်းစားများ၏ ငွေအိတ်များကိုသာ ဖောင်းကားလာစေသဖြင့် တံငါသည်လုပ်ရှားမှုများ ကမည်သို့ဖြစ်သနည်းဟု ဝေဖန်လျက်ရှိသည်။ လတ်တလောသုတေသနပြုချက်အရ အထူးသဖြင့် ပဋိပက္ခနှင့် ပဋိပက္ခလွန်နိုင်ငံများရှိ သဘာဝခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုများသည် သယံဇာတအရင်းအမြစ်များကို ထိန်းချုပ်စီမံပိုင်ခွင့်အတွက် အစိုးရ၏ကြိုးပမ်းအားထုတ်မှုများနှင့် ဆက်စပ်ဒွန်တွဲနေလေ့ရှိကြောင်း ပြဆိုလျက်ရှိသည်။[၂၆] ထို့အပြင် သဘာဝခရီးသွားလုပ်ငန်း စီမံကိန်းများကို အများအားဖြင့် နယ်ခံလူထုလူတန်းစားများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဟူ၍ ခေါင်းစဉ်တပ်လေ့ရှိသော်လည်း ထိုကဲ့သို့သော စီမံကိန်းများသည် နယ်ခံများ၏ အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများအပေါ် ဆိုးရွားသည့် အကျိုးဆက်များဖြစ်ပေါ်လာစေခြင်းဖြင့်သာ အဆုံးသတ်လေ့ရှိသည်။ အထူးသဖြင့် တံငါသည် လူထုလူတန်းစားများနှင့် ပတ်သက်လာပါက ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများသည် ‘သဘာဝနှင့်’ သဟဇာတရှိသည်ဟု သတ်မှတ်လေ့မရှိသကဲ့သို့ ကမ္ဘာ့မြောက်ခြမ်းမှ သဘာဝခရီးသွားများကိုလည်း ဆွဲဆောင်နိုင်ခြင်းမရှိဟု အများအားဖြင့် သတ်မှတ်လေ့ရှိသည်။[၂၇]

ဥပမာအားဖြင့် သီရိလင်္ကာနိုင်ငံ၌ အစိုးရ၏ မဟာမိတ်ဖြစ်သည့် ရေတပ်နှင့် လေတပ်တို့ကသာလျှင် ကမ်းရိုးတန်းနယ်မြေတစ်လွှားလူနှင့်အထူးသဖြင့်တံငါသည်များကိုရှင်းထုတ်ခြင်းဖြင့်သဘာဝခရီးသွားလုပ်ငန်းအတွက် မဖြစ်မနေ ကြိုတင်ပြင်ဆင်ထားရန်လိုအပ်သည့် အခင်းအကျင်းမျိုး ဖန်တီးပေးလျက်ရှိသည်။ သီရိလင်္ကာနိုင်ငံ၏ ကမ်းရိုးတန်းတစ်လွှားရှိ ပတ်စီကူဒါမှ ကပ္ပီထီးရား၊ ထိုမှသည် ပန်းနာမားအထိ ကမ်းရိုးတန်းနေလူထုလူတန်းစားများအပေါ် အကြမ်းဖက်သည့်အစိုးရ၏ပိတ်ဆို့ကန့်သတ်မှုသည် ကမ်းရိုးတန်းမြေများကို လုယူသိမ်းဆည်းခြင်းအားဖြင့် ကမ်းရိုးတန်းတစ်လျှောက် အပြောင်းရှင်းသည့် လုပ်ငန်းစဉ်တစ်ရပ်ကို တစ်ရှိန်ထိုးဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။ နယ်ခံများ၏ဘဝများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အတွက် အခရာကျသည့် နယ်မြေဒေသများ၌ ဟိုတယ်များနှင့် အပန်းဖြေအိမ်ယာများအစားထိုး နေရာယူလာခဲ့ပြီး နိုင်ငံခြားသားများ လာရောက်ပျော်ပါး အပန်းဖြေနိုင်သည့် နေရာများအဖြစ် ပြောင်းလဲသွားခဲ့သည်။ သဘာဝခရီးသွားလုပ်ငန်း ကြီးထွားလာအောင်ဆောင်ရွက်ခြင်းသည် ဖွံ့ဖြိုးတိုးတက်ရေးကို ခိုင်မာစေရန် ဖြစ်သည်ဟု အသံကောင်းဟစ်ခဲ့ကြသော်လည်း လက်တွေ့တွင် ကမ်းရိုးတန်းနေ လူထုလူတန်းစားများ၏ လူ့အခွင့်အရေးကို ကျယ်ကျယ်ပြန့်ပြန့်ချိုးဖောက်သည့် ရလဒ်များသာ ပေါ်ထွက်လာစေခဲ့သည်။ ထို့အပြင်လုပ်ငန်းအတွင်းစီးဝင်လာသည့်အကျိုးအမြတ်များသည်လည်း အစိုးရယန္တရားနှင့် ပုလင်းတူဗူးဆို့ဖြစ်သည့် လက်တစ်ဆုပ်စာ ‘ခရိုနီများ’ ၏ လက်ထဲသို့သာ ရောက်ရှိသွားခဲ့သည်။[၂၈]

အထက်တွင်ဖော်ပြခဲ့သည့် လန်ပိအမျိုးသားဥယျာဉ်နှင့် ဆက်စပ်သဘာဝခရီးသွား အပန်းဖြေအိမ်ယာများသည် သယံဇာတအရင်းအမြစ်များအပေါ် ထိန်းချုပ်ခွင့်ရရှိစေရန် ဗဟိုအစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား နှစ်ပေါင်းများစွာ ဖြစ်ပွားလာသည့် လက်နက်ကိုင်ပဋိပက္ခများနှင့် ထဲထဲဝင်ဝင် ဆက်စပ်နေသည်။ ရလဒ်အနေဖြင့် လန်ပိအဏ္ဏဝါဥယျာဉ်သည် ကျွန်းပေါ်၌ အစိုးရဖော်ဆောင်သည့် သဘာဝခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အတွင်း ဂိုရောဓိဆန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေသည် ဟူသည့် စွပ်စွဲချက်များကြောင့် နာမည်ပျက်သွားခဲ့သည်။ ၁၉၉၇ ခုနှစ်အတွင်း လန်ပိအမျိုးသား ဥယျာဉ်ကို ထူထောင်ခဲ့ပြီး လအနည်းငယ်အကြာ၌ ထွက်ပေါ်လာခဲ့သည့် အစီရင်ခံစာတစ်ခုအတွင်း၌ “ကျွန်းစုငယ်ပေါင်းများစွာနှင့် ပင်မကမ်းရိုးတန်း နယ်မြေတစ်လွှားရှိကျေးရွာပေါင်း (၈၀) ကျော်မှ စုစုပေါင်း လူဦးရေ ၃၀,၀၀၀ ကျော်ခန့်သည် အဏ္ဏဝါဥယျာဉ်နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေတို့နှင့်ဆက်စပ်၍ ထွက်ပေါ်လာခဲ့သည့် ရောမသဘာဝခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကြောင့် မိမိတို့၏ နေအိမ်များမှ မောင်းထုတ်ခံခဲ့ရသူများ သို့မဟုတ် အတင်းအကျပ်ရွှေ့ပြောင်းနေရာချထားခြင်း ခံခဲ့ရသူများ ဖြစ်ကြောင်း ခန့်မှန်းရသည်။ အခြားသူပေါင်းများစွာသည်လည်း စီမံကိန်းများအတွက် လမ်းရှင်းပေးရာ၌ ဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် သတ်ဖြတ်ခြင်းခံခဲ့ကြရသည်”[၂၉] ဟု ဖော်ပြထားသည်။ လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း နိုင်ငံရေးရေချိန် အပြောင်းအလဲကြောင့်

---

[၂၅] Lampi Marine National Park & Oikos n.d., လန်ပိအမျိုးသားအဏ္ဏဝါဥယျာဉ် သဘာဝခရီးသွားလုပ်ငန်းစီမံချက် ၂၀၁၅-၂၀၁၈၊ စာ - ၈

[၂၆] Bocarejo, D. & Ojeda, D. 2016. အကြမ်းဖက်မှုနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး - မလိုလားအပ်သည့် နောက်ဆက်တွဲဆိုးကျိုးများနှင့် ကံမကောင်းအကြောင်းမလှသည့် တိုက်ဆိုင်မှုများအလွန် - Geoforum, 69, 176-183

[၂၇] Loperena, C. 2016. Conservation by racialized dispossession: The making of an eco-destination on Honduras’s North Coast. Geoforum, 69, 184-193

[၂၈] For more, see report from Society for Threatened Peoples – ”Dark clouds over the sunshine paradise: tourism and human-rights in Sri Lanka”: https://assets.gfbv.ch/downloads/report_sri_lanka_english.pdf

[၂၉] Dawn, December 1997/ January 1998, All Burma Students’ Democratic Front bi-monthly publication, p. 8

သဘာဝခရီးသွားလုပ်ငန်းကဏ္ဍ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။[၃၀] အရှိန်ရလာသည့်ဤဖွံ့ဖြိုးကာစလုပ်ငန်းမှအကျိုးအမြတ်များကို မည်သူက အထူးသဖြင့် ကမ်းရိုးတန်းနေလူထုလူတန်းစားများ မည်သည့်ပုံစံဖြင့်ရရှိမည်နည်းဟု မေးစရာရှိလာသည်။ "ဒီကော့သောင်းမှာ သဘာဝခရီးသွားလုပ်ငန်းတွေတိုးတက်ဖြစ်ထွန်းလာပါလိမ့်မယ်။ ဒါပေမဲ့ လူထုလူတန်း စားတွေအပေါ် ဘယ်လိုရိုက်ခတ်မှုတွေရှိလာပြီး ဘယ်လိုအကျိုးအမြတ်တွေရလာမလဲ။ ဘယ်လိုအလုပ် အကိုင်အခွင့်အလမ်းမျိုးတွေပေါ်လာမှာလဲဆိုတာတွေကို ထည့်သွင်းစဉ်းစားဖို့ လိုအပ်တယ်။"[၃၁]

## အကြီးစားရေထွက်ကုန် မွေးမြူရေးလုပ်ငန်းများ -

ရေထွက်ကုန်မွေးမြူရေးလုပ်ငန်းသည် ကမ္ဘာအဝှမ်းရှိ စိုက်ပျိုးရေးနှင့် တိရိစ္ဆာန်အစာ ထုတ်လုပ်ရေးကဏ္ဍများ၌ အမြန်ဆုံးကြီးထွားလာနေသည့် နယ်ပယ်တစ်ခုဖြစ်သည်။[၃၂] ကမ္ဘာ့ဘဏ်၏ခန့်မှန်းချက်အရရေလုပ်ငန်းထွက်ကုန်စုစုပေါင်းပမာဏသည် (ကုန်တွင်းနှင့် ပင်လယ်) အထူးသဖြင့် ကမ္ဘာ့တောင်ပိုင်းဒေသများ၌ ဆက်လက်ကြီးထွားလာပြီး ၂၀၃၀ ခုနှစ်တွင် ကမ္ဘာ့ငါးစားသုံးမှု၏ သုံးပုံနှစ်ပုံခန့်အထိ ဖြည့်ဆည်းပေးလိမ့် မည်ဟုသိရှိရသည်။[၃၃] အသေးစားရေထွက်ကုန်မွေးမြူရေးလုပ်ငန်းများကိုလွန်ခဲ့သည့် နှစ်ထောင်ပေါင်း များစွာကတည်းက[၃၄] ကျင့်သုံးလာခဲ့ပြီး ကမ္ဘာတစ်လွှားရှိ လူ့ဘောင်အသိုက်အဝန်းများအတွက် အရေးပါသည့် ပရိုတင်းရင်းမြစ်အဖြစ်သာမက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုပါ အစဉ်အဆက်ထောက်ပံ့ လာခဲ့သည်။ သို့သော်လည်း ကမ္ဘာ့ဘဏ်နှင့် အခြားဇာတ်ကောင်တို့၏ ရေထွက်ကုန်မွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်သည့် ဦးစားပေးနယ်ပယ်များ၌ စွမ်းအင်နှင့် ငွေကြေးအရင်းအနှီးလိုအပ်မှု မြင့်မားသည့်အကြီးစားတန်ဖိုးမြှင့် ငါးမွေးမြူရေးလုပ်ငန်းများ (ပုစွန်၊ ဆဲလ်မွန်၊ တလားဗီးယား၊ ထရောက်ငါး၊ ကကတစ်ငါး စသည်ဖြင့်) သာပါဝင်လျက်ရှိသည်။ ဤကုန်စည်များသည် ယေဘုယျအားဖြင့် ကမ္ဘာ့မြောက်ခြမ်းရှိ စားသုံးသူများဆီသို့ တင်ပို့မှုကို အသားပေးသည့် ထုတ်ကုန်များသာဖြစ်သည်။

အကြီးစားရေထွက်ကုန် မွေးမြူရေးလုပ်ငန်းများကို 'ဆာလောင်နေသည့်ကမ္ဘာကြီးကို ကျွေးမွေးရန်'၊ သမုဒ္ဒရာများ၌ ငါးသယံဇာတအရင်းအမြစ်များ သိသိသာသာလျော့နည်းလာမှုကို ကုစားပေးသည့်နည်းလမ်း (ငါးဖမ်းမည့်အစား ငါးမျိုး 'စိုက်ထည့်ခြင်း') အဖြစ်သာမက ပို့ကုန်အသားပေး ကုန်ထုတ်လုပ်ငန်းများအားဖြင့် ကမ္ဘာ့တောင်ပိုင်းဒေသတစ်လွှားရှိ ကမ်းရိုးတန်းများသို့မဟုတ် ကုန်းတွင်းရေရင်းမြစ်များကို ပိုင်ဆိုင်ထားသည့် နိုင်ငံများကိုကမ္ဘာ့ဈေးကွက်နှင့်ချိတ်ဆက်ပေးရန်ဟူသည့်အကြောင်းပြချက်များဖြင့် တိုးချဲ့ဖော်ဆောင်လျက်ရှိသည်။ သို့သော်လည်း ဤကဲ့သို့သော ရေထွက်ကုန် မွေးမြူရေးလုပ်ငန်းများ၏ကုန်ထုတ်လုပ်ရေးစနစ်များကို အသက်သွင်း၍ တိုးချဲ့ဖော်ဆောင်ရန်အတွက် ရှိပြီးသားပစ္စည်း ဥစ္စာပိုင်ဆိုင်မှုစနစ်များကို ပြန်လည်သုံးသပ်ပြင်ဆင်ရန် လိုအပ်လာသည်။ ဗြိတိသျှစီးပွားရေးဆိုင်ရာသတင်းစာတစ်ခုဖြစ်သည့် The Economist ၌ ၁၉၉၈ ခုနှစ်အတွင်း အောက်ပါအတိုင်း တင်ပြခဲ့သည်။[၃၅]

> *အပြည့်အဝအသုံးချလိုပါက ရေထုသည်လည်း ပိုင်ရှင်များ၊ ဥပဒေများနှင့် ကန့်သတ်ချက်များရှိသည့် မြေယာစနစ်ကဲ့သို့ ဖြစ်လာရန်လိုအပ်သည်။ တံငါသည်များသည်လည်း မုဆိုးဘဝမှ မွေးမြူရေးသမားများကဲ့သို့ ပြောင်းလဲပြုမူရန် မဖြစ်မနေလိုအပ်သည်။ ...... လူ့ဘောင်အသိုက်အဝန်းအနေဖြင့်ကမ်းရိုးတန်းပတ်ဝန်းကျင်ရှိ ရေပြင်ကိုလည်း အရေးပါသည့် စိုက်ပျိုးမြေများအဖြစ် သဘောထားရန် လိုအပ်လာပါလိမ့်မည်။*

ဤလုပ်ငန်းစဉ်အရ ရေထုသည် 'အရေးပါသည့်စိုက်ပျိုးမြေ'နှင့် ပိုမိုအလားသဏ္ဍာန်တူလာပြီး မကြာခဏ ဆိုသလို လက်ရှိအသုံးပြုနေသူများ၏ သယံဇာတအရင်းအမြစ်အပေါ် ရယူသုံးစွဲပိုင်ခွင့်ကို အပြည့်အဝပိတ်ပင်တားမြစ်ခြင်းမရှိလျှင်သော်မှ ယုတ်လျော့အားနည်းသွားစေသည်။ ထို့အပြင် ကမ္ဘာတစ်လွှား ရေထွက်ကုန်မွေးမြူရေးလုပ်ငန်းများ ကျယ်ပြန့်လာခြင်းဖြင့် ရေထွက်ကုန်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအ တွက် အထူးတလည်အကျိုးပြုလျက်ရှိသည့် ကမ်းရိုးတန်းတစ်လွှားရှိ ဒီရေတောများ အကြီးအကျယ်ပျက်စီးကိန်း ဆိုက်လာမည်ဟုလည်း သုံးသပ်ရသည်။

ဥပမာ အီကွေဒေါသည် ပဋ္ဌမမြောက် ကမ္ဘာ့ပုစွန်ထုတ်လုပ်မှု အများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဤလုပ်ငန်းမှ ထွက်ရှိလာသည့် ထုတ်ကုန်များကို တင်ပို့ခြင်းဖြင့် နှစ်စဉ်တစ်ဘီလီယံနှင့်အထက် အမြတ်အစွန်းများကို ရရှိစေလျက်ရှိသည်။ သို့သော်လည်းဤကဏ္ဍမှရရှိသည့်ဝင်ငွေများသည်လုပ်ငန်းတစ်ခုလုံးကို ထိန်းချုပ်၍ ကမ္ဘာအနှံ့ငါးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည့် လက်တစ်ဆုပ်စာမျှသော ကုမ္ပဏီကြီးများထံသို့သာ စီးဝင်လျက်ရှိသည်။[၃၆] အခြားတစ်ဖက်တွင် လူမှုအသိုက်အဝန်းပေါင်းများစွာမတရားမောင်းထုတ်ခံခဲ့ရပြီး လက်ရှိအချိန်၌ ကြံရာမရဖြစ်နေ

---

[၃၀] Frontier 2016. Opportunities and challenges abound for tourism sector, available here: http://frontiermyanmar.net/en/opportunities-and-challenges-abound-for-tourism-sector

[၃၁] Villager, Kaw Thaung district, 10.12.2016

[၃၂] ကမ္ဘာ့ဘဏ် ၂၀၁၃။ Fish to 2030. Prospects for Fisheries and Aquaculture. Agriculture and Environmental Services Discussion Paper No. 3. Washington DC: World Bank Group

[၃၃] Ibid

[၃၄] Longo, S.B., R. Clausen & B. Clark. 2015. The tragedy of the commodity: oceans, fisheries and aquaculture. Rutgers University Press

[၃၅] The Economist 1998. A survey of the sea: A second fall, http://www.economist.com/node/371919

[၃၆] Osterblom et al. 2015. Transnational Corporations as 'keystone actors' in Marine Ecosystems. PLoS ONE 10 (5): e0127533

သည့်တံငါသည်များသည် မိမိတို့၏ နယ်မြေများပြန်လည် ရရှိရန်နှင့် ဒီရေတောများကို ထိန်းသိမ်းကာကွယ်ရန်အတွက် ပုစွန်မွေးမြူရေးသမားများနှင့် ထိပ်တိုက်ရင်ဆိုင်လာကြသည်။ ဤကဲ့သို့သောပြင်းထန်သည့် ထိပ်တိုက်ရင်ဆိုင်မှုများသည် တံငါသည်ပေါင်းများစွာ အသက်စတေးရသည်အထိ တင်းမာလာခဲ့သည်။ C-CONDEM ၏ နယ်ခံအဖွဲ့ခေါင်းဆောင် တစ်ဦးဖြစ်သူ Lider Gongora ကဤသို့ "အဲဒီမြစ်ဝက စစ်တလင်းပြင်ဖြစ်လာပြီး တော့တောင်သူတွေကလည်း သူတို့ရဲ့ စိုက်ပျိုးမြေတွေကို ကာကွယ်ဖို့အတွက် ခွေးတွေနဲ့ လက်နက်ကိုင်ပြည်သူ့စစ်တွေကိုပါ အသုံးပြုလာတယ်" ဟု ရှင်းလင်းတင်ပြခဲ့သည်။[၃၇] သယံဇာတအရင်းအမြစ်များကို မောင်ပိုင်စီးလုယူခြင်းဖြင့် တိုးချဲ့လာသည့် ရေထွက်ကုန် မွေးမြူရေးလုပ်ငန်းသည် တံငါသည်များနှင့် တောင်သူလယ်သမားများအကြား ရှိနှင့်ပြီးဖြစ်သည့် ပဋိပက္ခကို ပိုမိုဆိုးရွားပြင်းထန်လာစေခဲ့သည်။ နောက်ဆုံးအနေဖြင့် ပုစွန်မွေးမြူရေးလုပ်ငန်းသည် အီကွေဒေါ၏ နုနယ်၍ထိရှလွယ်သည့် စိမ့်မြေများကို ဆိုးဆိုးရွားရွားပျက်စီးသွားစေခဲ့သည်။ တရားဝင်ကိန်းဂဏန်း အချက်အလက်များအရ ဒီရေတောဖုံးလွှမ်းဧရိယာများသည် ၃၆၂,၀၀၀ ဟက်တာရှိရာမှ ၁၀၈,၀၀၀ ဟက်တာအထိ ကျဆင်းသွားခဲ့သည်။

မြန်မာနိုင်ငံ၌ လွန်ခဲ့သည့်ဆယ်နှစ်ခန့်မှစ၍ ရေထွက်ကုန်မွေးမြူရေးလုပ်ငန်းတစ်ရှိန်ထိုးကြီးထွားလာခဲ့သဖြင့် လက်ရှိအခြေအနေ၌ "မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍကို အရှိန်အဟုန်ဖြင့်ဆက်လက်ပြုပြင်ပြောင်းလဲမည့် ရေထွက်မွေးမြူရေးကုန်စည်ဂယ်လိုအားအတွက် 'ပြီးပြည့်စုံသည့်မုန်တိုင်း'" တစ်ရပ်အနေဖြင့် တင်စားရမည်ဖြစ်သည်။[၃၈] ဤကဲ့သို့သော ဝယ်လိုအားမှ မည်သူအကျိုးအမြတ်ရရှိ၍မည်မျှအထိ တံခါးဖွင့်လိုက်မည်နည်းဟု မေးစရာရှိလာသည်။ အီကွေဒေါကမ်းရိုးတန်းတစ်လျှောက် ဖြစ်ပျက်ခဲ့သည့် ပဋိပက္ခများသည် နိုင်ငံ၏ကုန်တွင်းအင်းအိုင်ပေါင်း ၉၀% ကျော်ရှိနေသည့် မြန်မာနိုင်ငံ၏ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသ၌ တငွေ့ငွေ့ဖြင့်အရှိန်ရနေလောက်ပြီဟု ယူဆနိုင်သည်။ ထိုဒေသရှိ ရေတွက်မကုန်နိုင်သည့် စပါးခင်းများကြောင့် မြန်မာနိုင်ငံ၏ 'စပါးကျီ' အဖြစ် သမိုင်းအစဉ်အဆက်တင်စားလာခဲ့သည့် နယ်မြေလည်းဖြစ်သည်။ ဤကဲ့သို့ တစ်နေရာတည်း၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍနှစ်ရပ်စလုံး အပြိုင်အဆိုင် ကြီးထွားလာမှုသည် ဒီရေတောများကို[၃၉] အကြီးအကျယ်ဆုတ်ယုတ်ပျက်စီးသွားစေရုံမျှမက ကမ်းရိုးတန်းနယ်မြေများကို အမှီပြု၍ ရှင်သန်လျက်ရှိသည့်အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါင်းများစွာကိုပါ လက်လွှတ်ဆုံးရှုံးသွားစေသည့်ပုံစံဖြင့် မြစ်ဝကျွန်းပေါ် ဒေသကို မြေလှန်ပြောင်းလဲပစ်ခဲ့သည်။ 'ပြီးပြည့်စုံသည့်မုန်တိုင်း' အားပျော့ပျက်ပြယ်သွားသည်နှင့်တစ်ပြိုင်နက် ထိုကဲ့သို့သောအလေ့အထများသည်လည်း ထောင်းလမောင်းကြေစေသည့် ရလဒ်မျိုးဖြင့် အဆုံးသတ်သွားပါလိမ့်မည်။

## စက်မှုအခြေခံအဆောက်အအုံများ တိုးချဲ့တည်ဆောက်မှု -

ကမ္ဘာတစ်လွှားရှိ ကမ်းရိုးတန်းနိုင်ငံများသည် ဒေသတွင်းနှင့်ကမ္ဘာ့ကုန်သွယ်ရေး၊စွမ်းအင်နှင့်ထောက်ပံ့ပို့ဆောင်ရေးကြားထောက်စခန်းများဖြစ်လာစေရန် စဉ်ဆက်မပြတ်ယှဉ်ပြိုင်နေကြသည်။ ထိုသို့ဖြစ်လာစေရန် ကြိုးပမ်းလုပ်ဆောင်သည့် အဓိကနည်းလမ်းများ၌ ရေနက်ဆိပ်ကမ်းများ၊ ဓာတ်အားရုံများ၊ ကားလမ်းများအပါအဝင်အကြီးစားအခြေခံအဆောက်အအုံတိုးချဲ့တည်ဆောက်မှုများ ပါဝင်လျက်ရှိသည်။ အထူးသဖြင့် တောင်နှင့်အရှေ့တောင်အာရှဒေသအတွင်း၌ တရုတ်နိုင်ငံ၏ 'ပင်လယ်ပိုးလမ်းမကြီး' တစ်လျှောက် သယ်ယူပို့ဆောင်ရေးနှင့် ကုန်သွယ်ရေးလွယ်ကူအဆင်ပြေစေရန် ရေမဆိပ်ကမ်းကွန်ရက်ကြီးများကိုတည်ဆောက်လျက်ရှိသည်။ ဤဆိပ်ကမ်းစီမံကိန်းများကို တရုတ်ပုဂ္ဂလိကနှင့် အစိုးရရင်းနှီးမတည်ငွေများဖြင့် ထောက်ပံ့ပေးထားပြီး ပါကစ္စတန်မှသည် သီရိလင်္ကာနိုင်ငံအထိ ဒေသတွင်းဆိပ်ကမ်းစီမံကိန်းပေါင်းများစွာသို့ စီးဝင်လျက်ရှိသည်။[၄၀]

ဤကဲ့သို့သော အခင်းအကျင်းမျိုးနှင့် မြန်မာနိုင်ငံ မစိမ်းလှပေ။ လတ်တလော၌ပင် တရုတ်ကုမ္ပဏီတစ်ခုသည် ပင်လယ်ပိုးလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရခိုင်ပြည်နယ်အတွင်း ရေနက်ဆိပ်ကမ်းတစ်ခု တည်ဆောက်ရန် စာချုပ်ချုပ်ဆိုလိုက်သည်။[၄၁] ထို့အပြင် ၂၀၀၈ ခုနှစ်ကတည်းက ထားဝယ်မြောက်ပိုင်း၌ရေနက်ဆိပ်ကမ်းတစ်ခုနှင့် ရေမအထူးစီးပွားရေးဇုံတစ်ခုကို အကောင်အထည်ဖော်ဆောင်နေပြီးဖြစ်သည်။ နယ်ခံအဖွဲ့များကဤစီမံကိန်းတိုးတက်မှုများ မျှော်မှန်းထားသည့်အတိုင်း အကောင်အထည်ပေါ်လာပါက အဆိုပါနယ်မြေ၌ လက်ရှိနေထိုင်လျက်ရှိသည့်လူထုလူတန်းစားများများ၏ အကျိုးစီးပွားများကို လုံးဝဥပေက္ခာပြု၍ စီမံကိန်းနယ်မြေအတွင်း လက်ရှိနေထိုင်လျက်ရှိသည့်တောင်သူလယ်သမားများနှင့်တံငါသည်လူထုလူတန်းစားများကို အတင်းအကျပ်မောင်းထုတ်၍ ခြေမဲ့လက်မဲ့ဖြစ်စေလိမ့်မည်ဟု မှတ်တမ်းတင်ဖော်ပြ ထားသည်။[၄၂]

---

၃၇ WFFP et al. 2014. ကမ္ဘာ့သမုဒ္ဒရာမောင်ပိုင်စီးလုယူမှု

၃၈ Myanmar Fisheries Partnership 2016, Transforming Myanmar's Aquaculture, p. 2

၃၉ Hakai Magazine 2016, The Big Coastal Squeeze: Myanmar's Ayeyarwady Delta shoreline is at risk of getting squeezed out. https://www.hakaimagazine.com/photo-essay/big-coastal-squeeze

၄၀ Financial Times 2017, How China rules the waves. https://ig.ft.com/sites/china-ports/

၄၁ ibid

၄၂ DDA 2014, Voices from the Ground: Concerns Over the Dawei Special Economic Zone and Related Projects, http://www.ddamyanmar.com/wp-content/uploads/2014/10/Voice-from-the-Ground-Engonline-1.pdf

## 'ကြီးကျယ်သည့် ပြုပြင်ပြောင်းလဲရေး' အပေါ် နိုင်ငံရေးအရ တုန့်ပြန်မှုများ?

၂၀၁၂ ခုနှစ် မေလနှင့် ၂၀၁၄ ခုနှစ် ဖွန်လအတွင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း (FAO) အဖွဲ့ဝင်နိုင်ငံများက နိုင်ငံတကာလမ်းညွှန်ချက် အစုအဝေးတစ်ရပ်ကို ရေးဆွဲကျင့်သုံးခဲ့သည်။ ၎င်းတို့မှာ လုပ်ပိုင်ခွင့်လမ်းညွှန်ချက်များ[၄၃] နှင့်အသေးစားငါးလုပ်ငန်း လမ်းညွှန်ချက်များ[၄၄] ဖြစ်ကြသည်။ ဤလမ်းညွှန်ချက်များသည် FAO စနစ်အတွင်း အရပ်ဖက်လူ့အဖွဲ့အစည်းများထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်မှုကြောင့် ပေါ်ပေါက်လာသည့် ရလဒ်တစ်ခုဖြစ်ပြီး အမှန်တကယ်တမ်း၌ လုပ်ငန်းစဉ်တစ်ခုလုံးကို ၎င်းတို့ကိုယ်တိုင် မောင်းနှင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ သို့သော်လည်း စေ့စပ်ညှိနှိုင်းမှုလုပ်ငန်းစဉ်အတွင်း အခြားဇာတ်ကောင် ပေါင်းများစွာ (အစိုးရများ၊ ENGO များ၊ ပုဂ္ဂလိကကဏ္ဍ) လည်း ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် စာတမ်းနှစ်စောင်စလုံးသည် အလျှော့အတင်းပြုလုပ်ခြင်းဖြင့် ရရှိလာသည့်ရလဒ်တစ်ခုဖြစ်သည်။ မည်သို့ဆိုစေ လမ်းညွှန်ချက်များသည် အထက်တွင်ဖော်ပြခဲ့သည့် အခရာကျသည့် မည်သူက မည်သည့်အရင်းအမြစ်များကို မည်သည့်ရည်ရွယ်ချက်ဖြင့် ရယူသုံးစွဲရန် မည်သူကဆုံးဖြတ်ပေးမည်နည်းဟူသည့် မေးခွန်းများအတွက် လုံးဝကွဲပြားခြားနားသည့် တုန့်ပြန်အရေးယူဆောင်ရွက်ချက်များကို ဖော်ထုတ်ပေးအပ်နိုင်သည့် အလားအလာရှိသည်။ 'အလားအလာရှိသည်' ဟုသာ ဖော်ပြထားခြင်းသည် လမ်းညွှန်ချက်များကို လွတ်လွတ်လပ်လပ် အဓိပ္ပာယ်ဖွင့်ဆိုနိုင်သောကြောင့်ဖြစ်သည်။ လမ်းညွှန်ချက်များကို လူမှုရေးတရားမျှတမှုနှင့်လူ့အခွင့်အရေးကို မည်မျှအထိ အထောက်အကူပြုသည့်ပုံစံဖြင့်အဓိပ္ပာယ်ဖွင့်ဆိုထားသနည်း ဟူသည့်အချက်သည် လူမှုရေးလှုပ်ရှားမှုများဖြင့် မည်မျှအားကောင်းကောင်း ပါဝင်ဆောင်ရွက်သနည်းဟူသည့်အချက်အပေါ် တွင်များစွာ မူတည်ပါလိမ့်မည်။

ကျန်ကမ္ဘာ့ဒေသများမှ တံငါသည်လှုပ်ရှားမှုများက ၎င်းတို့ကို မြေ၊ ရေနှင့် သမုဒ္ဒရာမောင်ပိုင်စီးလုယူမှုများအား 'ပြန်လည်ရုပ်သိမ်းရန် တွန်းလှန်ရာ၌' အသုံးပြုနိုင်သည်ဟု အဓိပ္ပာယ်သက်ရောက်သည့် ဤလမ်းညွှန်ချက်များအဖြစ် ပြောင်းလဲသွားခဲ့ခြင်းဖြစ်သည်။[၄၅] တစ်ချိန်တည်းမှာပင် ၎င်းတို့ကို လူမှုရေးတရားမျှတမှုနှင့် လူ့အခွင့်အရေးအပေါ် အခြေခံသည့် ရွေးချယ်စရာအစားထိုးနည်းလမ်းများအတွက် လူထုလှုပ်ရှားမှုများ ဖော်ဆောင်ရာ၌ အသုံးပြုခဲ့ကြသည်။

အခိုင်အမာဆိုရသော် ၎င်းတို့ကို အောက်ပါအတိုင်း အသုံးပြုလျက်ရှိသည်။

➢ လူထုလှုပ်ရှားမှုများ၌ အသိအမြင်ဖွင့်၍ ပညာပေးသည့် နည်းလမ်းကိရိယာအနေဖြင့် အသုံးပြုလျက် ရှိသည်။
    - လမ်းညွှန်ချက်များအပေါ် ဝိုင်းဝန်းဆွေးနွေး၍ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တံငါသည်များသည် နေ့စဉ်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ နိုင်ငံရေးအမြင်ဖြင့်ကြည့်ရှုတတ်လာသည်။

➢ တစ်ပိုင်တစ်နိုင် တံငါသည်လူထုလူတန်းစားများ၏ လက်ရှိ တောင်းဆိုမှုများကို တရားဝင်ဖြစ်လာအောင် ကူညီပေးသည်။
    - လမ်းညွှန်ချက်များသည် အထိခိုက်လွယ်၍ အပယ်ခံထားရသည့်လူအုပ်စုများ (ဤနေရာ၌အမျိုးသမီးများနှင့် ဌာနေတိုင်းရင်းသားများ) ၏ အကျိုးစီးပွားများနှင့် အခွင့်အရေးများကိုဦးစားပေးရန် လိုအပ်ကြောင်းမီးမောင်းထိုးပြထားသည့် လူ့အခွင့်အရေးအခြေပြု ချဉ်းကပ် ဆောင်ရွက်မှုအပေါ် အရင်းခံထားခြင်းဖြစ်သည်။
    - ငါး သို့မဟုတ် ရေထွက်သယံဇာတအရင်းအမြစ် စုဆောင်းရယူပိုင်ခွင့် အခွင့်အရေးများ ဆုံးရှုံးသွားပါက သို့မဟုတ် ငြင်းပယ်ခံခဲ့ရပါက မြေယာနှင့် သားငါးဆိုင်ရာ တရားဝင်လုပ်ပိုင်ခွင့်အခွင့်အရေးများကို အသိအမှတ်ပြု လေးစားလိုက်နာ၍ကာကွယ်စောင့်ရှောက်ပေးရမည့်အစိုးရများ၏ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းဆောင်ရွက်ရန် တောင်းဆိုမှုများကို တရားဝင်ဖြစ်စေရန် လမ်းညွှန်ချက်များကို အသုံးပြုနိုင်သည်။
    - ပြန်လည်ရုပ်သိမ်းရန် တောင်းဆိုမှုများကိုအထောက်အကူပြုသဖြင့် တစ်ပိုင်တစ်နိုင်တံငါသည်များ သယံဇာတအရင်းအမြစ်များကို ပြန်လည်ထိန်းချုပ် အသုံးချနိုင်စေသည်။

➢ ငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် တည်ဆဲမူဝါဒများသည် လူ့အခွင့်အရေးကို အခြေပြု၍ ချဉ်းကပ်ဆောင်ရွက်မှုရှိမရှိ လေ့လာဆန်းစစ်ရာ၌ ဆန်းစစ်ရေးကိရိယာတစ်ခုအဖြစ် အသုံးပြုလျက်ရှိသည်။



*Photo credit: Transnational Institute (TNI)*

[၄၃] http://www.fao.org/docrep/016/i2801e/i2801e.pdf For more on the use of the Tenure Guideilnes, see: https://www.tni.org/en/publication/the-meaning-of-land-in-myanmar

[၄၄] http://www.fao.org/3/a-i4356e.pdf

[၄၅] Borras et al. 2012. Competing political tendencies in global governance of land grabbing. TNI: Agrarian Justice Programme discussion paper. https://www.tni.org/sites/www.tni.org/files/competing_political_tendencies_en.pdf

## SSF လမ်းညွှန်ချက်များမှ အဓိကကျသည့် ပြဋ္ဌာန်းချက်များ

**အထိခိုက်လွယ်သည့် လူ့အုပ်စုများကို ဦးစားပေးခြင်းနှင့်** ပတ်သက်သည့် လမ်းညွှန်ချက်သည် (၁-၂) ဖြစ်ကာ "အမျိုးသမီးနှင့် အမျိုးသားထုနစ်ရပ်စလုံးပါဝင်သည့် တစ်ပိုင်တစ်နိုင်တံငါသည်လုပ်ထုလုပ်ငန်းစားများအားအထိခိုက်လွယ်၍အပယ်ခံထားရသူများ၏ အကျိုးအလို့ငှာ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များအတွင်း ပါဝင်ဆောင်ရွက်ခွင့်အပ်နှင်းပေးသည့် လူ့အခွင့်အရေးအခြေပြု ချဉ်းကပ်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ခြင်းဖြင့် ဖြည့်ဆည်းဆောင်ရွက်နိုင်သည်"ဟု ဖော်ပြထားသည်။

**အုပ်ချုပ်စီမံရေးနှင့် ပါဝင်ဆောင်ရွက်ရေးနှင့်** ပတ်သက်သည့် (၃-၆) ၌ "ငါးသယံဇာတအရင်းအမြစ်များနှင့် တစ်ပိုင်တစ်နိုင်ငါးဖမ်းလုပ်ငန်းများ ဖော်ဆောင်လျက်ရှိသည့် နယ်မြေဒေသများသာမက အနီးပတ်ဝန်းကျင်ရှိ နယ်မြေဒေသများနှင့် စပ်ဆိုင်သည့် ဆုံးဖြတ်ချက်ချမှတ်ရေး လုပ်ငန်းစဉ်အတွင်း ဌာနေတိုင်းရင်းသားများအပါအဝင် တစ်ပိုင်တစ်နိုင်အသေးစားတံငါသည် လုပ်ထုလုပ်ငန်းစားများ ကြိုတင်သိရှိပြီး စိတ်လိုလက်ရဖြင့် လွတ်လွတ်လပ်လပ် အဓိပ္ပာယ်ပြည့်ဝစွာ ထိထိရောက်ရောက်ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရန်နှင့် မတူကွဲပြားသည့် ဇာတ်ကောင်များအကြားရှိ အာဏာချိန်ခွင်လျှာမညီမျှမှုကို ထည့်သွင်းစဉ်းစားပေးရန်လိုအပ်သည်။ ယင်းတို့၌ အကောင်အထည်မဖော်ဆောင်မီ အဆိုပါဆုံးဖြတ်ချက်များ၏ ရိုက်ခတ်မှုဒဏ်ခံရနိုင် ခြေရှိသူများ၏ထောက်ခံမှုနှင့် တုန့်ပြန်မှတ်ချက်များသာမက ၎င်းတို့ထည့်ဝင်အကြံပြုသည့် သဘောထားများအတိုင်း လိုက်ပါဆောင်ရွက်ရန်လည်းလိုအပ်သည်" ဟု ဖော်ပြထားသည်။

**အကျိုးအမြတ်များကို သာတူညီမျှ ခွဲဝေပေးခြင်းနှင့်** စပ်ဆိုင်သည့် (၅-၁) ၌ "အမျိုးသမီးနှင့် အမျိုးသားထုနစ် ရပ်စလုံးပါဝင်သည့် တစ်ပိုင်တစ်နိုင်အသေးစားတံငါသည်များကို စီးမြှင့်သည့်အနေဖြင့် သားငါးနှင့် ဂေဟစနစ်များကို တာဝန်ယူမှုရှိရှိစီမံခန့်ခွဲရာမှ ရရှိလာသည့် အကျိုးအမြတ်များကို သာတူညီမျှခွဲဝေပေးရန်လမ်းညွှန်ချက်များကထောက်ခံအားပေးသည်"ဟုဖော်ပြထားသည်။

**အသေးစားငါးဖမ်းလုပ်ငန်းများကို မျက်နှာသာပေးခြင်း** နှင့် ပတ်သက်၍ (၅-၇) ၌ "အစိုးရများအနေဖြင့် လူတန်းစားပေါင်းစုံအထူးသဖြင့်အထိခိုက်လွယ်သူများအတွက် သာတူညီမျှရှိသည့် ရလဒ်မျိုးဖန်တီးပေးရန် နိုင်ငံ၏ စီရင်ပိုင်ခွင့်အာဏာအောက်ရှိ ရေပိုက်နက်အတွင်းမှ ငါးများကို ဖမ်းယူရာ၌ တတ်နိုင်သမျှ အသေးစားငါးဖမ်းလုပ်ငန်းများ အထူးသဖြင့် အထိခိုက်လွယ်သူများအား မျက်နှာသာပေးရန် လိုအပ်သည်" ဟုဖော်ပြထားသည်။

**ပြန်လည်ခွဲဝေပေးသည့် ပြုပြင်ပြောင်းလဲရေး** နှင့် စပ်လျဉ်း၍ (၅-၈) ၌ "အစိုးရများအနေဖြင့် လျော်ကန်သင့်မြတ်စွာ ပြန်လည်ခွဲဝေပေးသည့် ပြုပြင်ပြောင်းလဲရေးအပါအဝင် တစ်ပိုင်တစ်နိုင်ငါးဖမ်းသည့် လုပ်ထုလုပ်ငန်းစားများ ငါးသယံဇာတအရင်းအမြစ်များကို သာတူညီမျှလက်လှမ်းမီ အကျိုးခံစားခွင့်ရရှိစေရန် အထောက်အကူပြုသည့် အရေးယူဆောင်ရွက်ချက်များကို ရေးဆွဲကျင့်သုံးသင့်သည်" ဟု ဖော်ပြထားသည်။

**မတရားမောင်းထုတ်ခြင်းနှင့်လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းမရှိစေရန်နှင့်** အခြားကဏ္ဍများနှင့် ယှဉ်ပြိုင်ရ ခြင်းမရှိစေရန်ကာကွယ်စောင့်ရှောက်ခြင်းနှင့်ပတ်သက်၍(၅-၉)၌"တစ်ပိုင်တစ်နိုင် အသေးစားတံငါသည်များ မတရားမောင်းထုတ်ခံရခြင်းမရှိစေရန်နှင့် ၎င်းတို့၏ တရားဝင်လုပ်ပိုင်ခွင့် အခွင့်အရေးများကို တနည်းနည်းဖြင့် ဖျောက်ဖျက်ခြင်း သို့မဟုတ် ချိုးဖောက်ခြင်းမရှိစေရန် အစိုးရများက အာမခံပေးသင့်သည်။ အ သေးစားတစ်ပိုင်တစ်နိုင်ငါးဖမ်းနယ်မြေများအတွင်း အခြားနည်းဖြင့် အသုံးပြုသည့်လုပ်ငန်းများ၏ ပြိုင်ဆိုင်မှုများ မြင့်တက်လာလျက်ရှိသဖြင့် တစ်ပိုင်တစ်နိုင်တံငါသည် လုပ်ထုလုပ်ငန်းစားများ အထူးသဖြင့် အထိခိုက်လွယ်၍ အပယ်ခံထားရသူများသည် အခြားကဏ္ဍများနှင့်ဖြစ်ပွားသည့်ပဋိပက္ခများ၌ အမြဲတမ်းလိုလို ပိုမိုအားနည်းသည့်အနေအထားမှ ရင်ဆိုင်ရလေ့ရှိသဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အခြားကဏ္ဍများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လုပ်ဆောင်ချက်များက ခြိမ်းခြောက်လာပါက အထူးအကူအညီမျိုး ရရှိရန် လိုအပ်သူများဖြစ်ကြောင်း အစိုးရများအနေဖြင့် အသိအမှတ်ပြုသင့်သည်"ဟု ဖော်ပြထားသည်။

**အကြီးစားဖွံ့ဖြိုးရေး စီမံကိန်းများမှ ကာကွယ်စောင့်ရှောက်ခြင်းနှင့်** ပတ်သက်သည့် (၅-၁၀) ၌ "အစိုးရများနှင့် အခြားအဖွဲ့အစည်းများအနေဖြင့် တစ်ပိုင်တစ်နိုင်ငါးဖမ်းသည့် အသေးစားတံငါသည်လုပ်ထုလုပ်ငန်းစားများအပေါ် သက်ရောက်ထိခိုက်လာနိုင်ခြေရှိသည့် အကြီးစားဖွံ့ဖြိုးရေး စီမံကိန်းကြီးများကို အကောင်အထည်ဖော်ဆောင်မှုမပြုမီ ပြည်တွင်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ သက်ရောက်ထိခိုက်မှုလေ့လာဆန်းစစ်ချက်များ၊ လုပ်ထုလုပ်ငန်းစားများအား ထိရောက်အဓိပ္ပာယ်ပြည့်ဝစွာ ချပြဆွေးနွေးတိုင်ပင်သည့် စည်းဝေးပွဲများကို စီစဉ်ကျင်းပ၍ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်ထိခိုက်မှုများကို ထည့်သွင်းစဉ်းစားပေးရမည်" ဟု ဖော်ပြထားသည်။

**လက်နက်ကိုင်ပဋိပက္ခကြောင့် နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ခဲ့ရသည့် အခြေအနေမျိုး၌ ရယူအသုံးချပိုင်ခွင့် ရရှိစေရန်ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းအတွက်(၅-၁၂)၌** "အစိုးရများသည် သားငါးသယံဇာတများ၏ ရေရှည်တည်တံ့ခိုင်မြဲမှုကို ထည့်သွင်းစဉ်းစား၍ လက်နက်ကိုင်ပဋိပက္ခသော်လည်းကောင်း၊ သဘာဝဘေးဒဏ်ကြောင့်သော်လည်းကောင်း နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည့် တစ်ပိုင်တစ်နိုင်ငါးဖမ်းသည့် အသေးစားတံငါသည် လုပ်ထုလုပ်ငန်းစားများအား ၎င်းတို့၏ မိရိုးဖလာငါးဖမ်းနယ်မြေများနှင့် ကမ်းရိုးတန်းနယ်မြေများကို ပြန်လည်ရယူအသုံးချနိုင်စေရန် ကြိုးပမ်းဆောင်ရွက်ပေးသင့်သည်။ အစိုးရများအနေဖြင့် ဆိုးဆိုးရွားရွား လူ့အခွင့်အရေးချိုးဖောက်ခံ



*Photo credit: Transnational Institute (TNI)*

ခဲ့ရသည့် တံငါသည်လူထုလူတန်းစားများ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဘဝများကို ပြန်လည်ထူထောင်နိုင်စေရန် အထောက်အကူပြုသည့် ယန္တရားများကို ရေးဆွဲပြင်ဆင်ထားရန် လိုအပ်သည်။ အဆိုပါလုပ်ငန်းစဉ်များအတွင်း သဘာဝဘေးဒဏ်သော်လည်းကောင်း၊ လက်နက်ကိုင် ပဋိပက္ခသော်လည်းကောင်း ဖြစ်ပွားသည့်အခြေအနေမျိုး၌ လုပ်ပိုင်ခွင့်ချပေးသည့်အလေ့အထများအတွင်း အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး လုပ်ဆောင်ချက်များပါဝင်သင့်သည်" ဟု ဖော်ပြထားသည်။

**၎င်းတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို အဟန့်အတားမဖြစ်စေရန်အတွက် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများနှင့် ရာသီဥတုပြောင်းလဲရေးဆိုင်ရာ မူဝါဒများကို ရေးဆွဲပုံဖော်ရာ၌ လူထုလူတန်းစားများကို ထည့်သွင်းပါဝင်စေခြင်း** နှင့် ပတ်သက်၍ (၅-၁၅) ၌ "နိုင်ငံအစိုးရများအနေဖြင့် ထိန်းသိမ်းရေးနယ်မြေများအပါအဝင်၎င်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုသက်ရောက်မှုရှိစေသည့်အစီအစဉ်ချမှတ်မှု၊ ရေးဆွဲပုံဖော်မှုနှင့် လျော်ကန်သင့်မြတ်ပါက စီမံခန့်ခွဲရေးလုပ်ငန်းများကိုဖော်ဆောင်ရာ၌ အမျိုးသမီးများ၊ အထိခိုက်လွယ်၍ အပယ်ခံထားရသူများ၏ သာတူညီမျှ ပါဝင်ဆောင်ရွက်ရေးကို အထူးအလေးပေး၍ တစ်ပိုင်တစ်နိုင်အသေးစားတံငါသည် လူထုလူတန်းစားများကို ထည့်သွင်းပါဝင်စေရန် လိုအပ်သည်" ဟု ဖော်ပြထားသည်။

(၉-၃)တွင်လည်း "နိုင်ငံအစိုးရများနှင့်အခြားသက်ဆိုင်သည့်အဖွဲ့အစည်းများအနေဖြင့် လူများဖန်တီးသည့် ငါးဖမ်းမှုကို တားမြစ်သည့် အကြောင်းရင်းများကြောင့် ဖြစ်ပေါ်လာသည့် ညစ်ညမ်းမှု၊ ကမ်းရိုးတန်းတိုက်စားမှုနှင့် ကမ်းရိုးတန်းအသိုက်အမြုံများကို ထိခိုက်ပျက်စီးစေခြင်းကဲ့သို့သော ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းမည့် လုပ်ငန်းစဉ်များ ချမှတ်ထားရှိသင့်သည်။ အဆိုပါကိစ္စရပ်များသည် တံငါသည် လူထုလူတန်းစားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆိုးဆိုးရွားရွားထိခိုက်ပျက်စီးစေရုံမျှမက ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်ခြေရှိသည့် သက်ရောက်ထိခိုက်မှုများကို လိုက်လျောညီထွေပြုလုပ်နိုင်မည့် စွမ်းဆောင်ရည်ကိုပါ ကျဆင်းသွားစေလျက်ရှိသည်" ဟု ဖော်ပြပါရှိသည်။

**လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသည့် အခြေအနေများ၌ ကာကွယ်စောင့်ရှောက်မှုနှင့် ဆက်စပ်သည့်** (၆-၁၈) ၌ "လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသည့် အခြေအနေများ၌ ၎င်းတို့၏ မိရိုးဖလာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်စေရန်၊ အစဉ်အလာငါးဖမ်းနယ်မြေများကို ရယူအသုံးချနိုင်စေရန်နှင့် ၎င်းတို့၏ ဘဝနေထိုင်နည်းနှင့် ယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းနိုင်စေရန်အတွက် နိုင်ငံတကာလူသားချင်းစာနာ ထောက်ထားရေးဥပဒေနှင့်အညီ တစ်ပိုင်တစ်နိုင်ငါးဖမ်းသည့်အသေးစားတံငါသည်လူထုလူတန်းစားများ၏ဂုဏ်သိက္ခာနှင့်လူ့အခွင့်အရေးတို့ကိုပဋိပက္ခအတွင်းပါဝင်လျက်ရှိသည့်အဖွဲ့အစည်းများအားလုံး ပိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးရမည်။ ၎င်းတို့အပေါ် သက်ရောက်မှုရှိလာစေမည့် ကိစ္စရပ်မှန်သမျှနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ ထိထိရောက်ရောက်ပါဝင်ဆောင်ရွက်လာနိုင်အောင် ပံ့ပိုးကူညီပေး ရမည်" ဟု ဖော်ပြထားသည်။

2017 ခုနှစ် ဖေဖော်ဝါရီလကုန်ပိုင်း၌ မြန်မာနိုင်ငံအစိုးရသည် သားငှက်တိရိစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့ (Wildlife Conservation Society) နှင့် ပူးပေါင်း၍ "မြန်မာနိုင်ငံ အဏ္ဏဝါအခြေပြု အစီအစဉ်ရေးဆွဲခြင်း - ရေရှည်တည်တံ့ခိုင်မြဲသည့် သမုဒ္ဒရာ

စီးပွားရေးကို အာမခံရန်အတွက် မဟာဗျူဟာမြောက်အကြံပြုချက်"[၄၆] ဟုခေါင်းစဉ် တပ်ထားသည့် အစီရင်ခံစာတစ်စောင်ကို ပူးတွဲထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံသည် "ကမ်းရိုးတန်းတစ်လျှောက်နှင့်ရေထွက်ကုန်ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်အားပေးရန် တစ်ရှိန်ထိုးတံခါးဖွင့်ပေးသည့် အရှေ့သစ်"[၄၇] တစ်ခုထဲသို့ ချဉ်းနင်းဝင်ရောက်လာပြီဖြစ်ကြောင်း အသိအမှတ်ပြုထားသည့် အစီရင်ခံစာအတွင်း၌ "ဂေဟဗေဒဆိုင်ရာ၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာရည်မှန်းချက်များ ပြည့်မီလာစေရန်" ရည်ရွယ်သည့် 'ငါးနှစ်တာလမ်းပြမြေပုံ' အတွက် လုပ်ငန်းစဉ်အဆင့်များကို ချမှတ်ပေးထားသည်။[၄၈] ဤသုံးသပ်ချက်အကျဉ်း၌ ဆွေး နွေးတင်ပြထားသည့် အခင်းအကျင်းများအတွက် ရှင်းလင်းပြတ်သားရန် လိုအပ်သဖြင့် မတူကွဲပြားသည့် ရည်မှန်းချက်များအကြား ဟန်ချက်ညီအောင် ထိန်းညှိမည့် လုပ်ဆောင်ချက်အတွက် အခက်အခဲရှိလာနိုင်သည်။ "ဘက်စုံထည့်သွင်းစဉ်းစားထားသည့် မဟာဗျူဟာမြောက် ပါဝင်ဆောင်ရွက်ရေး" အခြေပြုအစီအစဉ် ချမှတ်ရေးလုပ်ငန်းစဉ်များ၏ နောက်ခံရည်ရွယ်ချက်များ ကောင်းမွန်လျက်ရှိသော်လည်း အများအားဖြင့် အောင်မြင်နိုင်ခြေ နည်းပါးတတ်သည်။ လက်တွေ့အရ မတူကွဲပြားသည့် ရည်မှန်းချက်များကို ဟန်ချက်ညီအောင် ထိန်းကျောင်းနိုင်ရန် အလှမ်းဝေးနေသဖြင့် စီးပွားရေးရည်မှန်းချက်များသို့ အလိုလိုယိမ်းနေပြီးဖြစ်သည့် ထိုကဲ့သို့သော လုပ်ငန်းစဉ်များ၏ သဘောသဘာဝကြောင့် လက်တွေ့တွင် "အစိုးရနှင့်နိုင်ငံတကာ ငွေရှင်ကြေးရှင်များကျယ်ကျယ်ပြန့်ပြန့်လာရောက် ရင်းနှီးမြှုပ်နှံနိုင်စေရန် ရည်ရွယ်၍ ကမ်းရိုးတန်းနယ်မြေများနှင့် နိုင်ငံရေးစနစ်များကို ပြန်လည်စီစဉ်နေရာချခြင်း" သာဖြစ်သည်ဟု ဝေဖန်ခံနေရသည်။[၄၉] လမ်းပြမြေပုံအတွင်း ဖော်ပြထားသည့်အတိုင်းဆိုပါက ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များအားလုံး၌ အထိခိုက်လွယ်၍ ဘေးဖယ်ခံထားရသည့် အစုအဖွဲ့များကို ဦးစားပေးရန် တောင်းဆိုထားသည့် SSF လမ်းညွှန်ချက်ရှိ ပင်မအခြေခံမှုကို ပြန်လည်ကိုးကားရန် အရေးတကြီးလိုအပ်လာသည်။ ဤချဉ်းကပ်လုပ်ဆောင်မှုသည် ပင်လယ်ပြင်အခြေပြုအစီအမံအတွင်း မျှော်မှန်းထားသည့် 'အကျိုးသက်ဆိုင်သူပေါင်းစုံကို ချဉ်းကပ်ဆောင်ရွက်မှု' နှင့် ဆန့်ကျင်ကွဲလွဲလျက်ရှိပြီး ဇာတ်ကောင်များအားလုံးကို ရည်ညွှန်းရမည့်အစား 'အကျိုးသက်ဆိုင် ပါဝင်နေသူများ' ဟု လျှော့ချထားသည်။ ဤရှုထောင့်အရ တံငါသည်လူထုလူတန်းစားများ၏ ဘဝများနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများသည် ပုဂ္ဂလိကကဏ္ဍဇာတ်ကောင်များ၏ စီးပွားရေးအကျိုးအမြတ်နှင့် ချိန်ခွင်လျှာအညှိခံနေရပြီး နစ်ဖက်စလုံးကို တစ်သားတည်းအဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။ ထို့ထက် ပို၍ဆိုရသော် အခြေခံအရကို ကွဲပြားခြားနားလျက်ရှိသည့် အကျိုးစီးပွားများနှင့် အနေအထားများကို အလျှော့အတင်းပြုလုပ်ခြင်းဖြင့် ဖြေရှင်းနိုင်သည်ဟူသည့် ထင်မြင်ယူဆချက်ကို အခြေခံ၍ အပေါ်ယံရွှေ့မှုန်ကြဲထားခြင်းသာဖြစ်သည်။[၅၀] မည်သို့ဆိုစေအဖွင့်နိဒါန်း၌ဖော်ပြထားသကဲ့သို့ပင် လက်ရှိမြန်မာနိုင်ငံ၌ အခြေခံအရကို ကွဲပြားခြားနားသည့် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို တွေ့မြင်နေရသည်။ ဤမတူကွဲပြားသည့်ခြားနားမှုများသည် အရေးပါလျက်ရှိသဖြင့် 'လူတိုင်းကိုကျေနပ်မှုရရှိစေမည့်' အပေးအယူဆီသို့ ဦးတည်လျှောက်လှမ်းနိုင်သည်ဟူသည့် မျှော်လင့်ချက်မျိုးဖြင့် နိုင်ငံရေးဆန်ခြင်းမရှိစေရန် အပေါ်ယံရွှေမှုန်ကြဲ၍မရစေကောင်းပေ။ ဒို့မြေကွန်ရက်၏ လတ်တလော သုံးသပ်ချက်အတွင်း "နိုင်ငံရဲ့ ဘယ်အနာဂတ်မျှော်မှန်းချက်တွေက လက်သင့်ခံနိုင်တယ်သို့မဟုတ်လိုလားတယ်ဆိုတဲ့အပေါ် လူတိုင်းသဘောတူဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဘယ်သူကဘယ်မြေနဲ့ ဘယ်ဆက်စပ် သယံဇာတအရင်းအမြစ်တွေကို ဘာရည်ရွယ်ချက်တွေအတွက် ဘယ်လိုအသုံးပြုနိုင်သလဲဆိုတာကို ဘယ်သူကဆုံးဖြတ်ပေးမလဲဆိုတဲ့ နိုင်ငံရေးကသာ အဓိကပြဿနာဖြစ်နေတာပါ" ဟုဖော်ပြထားသည်။[၅၁]

---

[၄၆] ဤလင့်ခ်တွင် အစီရင်ခံစာကို ရယူပါ။ https://myanmarbiodiversity.org/wp-content/uploads/2016/10/2015MSP-web2.pdf

[၄၇] Ibid p. 17

[၄၈] Ibid p. 21

[၄၉] Nichols, K. 1999 Coming to Terms with 'Integrated Coastal Management': Problems of Meaning and Method in a New Arena of Resource Regulation. Professional Geographer, 51 (3), p. 390

[၅၀] For more on multistakeholderism in global fisheries policy, see TNI report on Human Rights vs. Property Rights: http://worldfishers.org/wp-content/uploads/2016/12/SSFG-Human_Rights_vs_Property_Rights-EN.pdf

[၅၁] Land in Our Hands Network, 2015. Destroying People's Lives: The Impact of Land Grabbing on Communities in Myanmar, p.8

Transnational Institute (TNI) သည် ရေရှည်တည်တံ့ခိုင်မြဲမှုရှိပြီး တရားမျှတ၍ ဒီမိုကရေစီထုံးနည်းစံကျဖြစ်သည့် ကမ္ဘာကြီးကို တည်ဆောက်ရန်အတွက် သံမိဋ္ဌာန်ချထားသည့် နိုင်ငံတကာသုတေသနနှင့် မူဝါဒပြောင်းလဲရေး စည်းရုံးလှုံ့ဆော်ရေး အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ နှစ်ပေါင်းလေးဆယ်ကျော်ကာလတစ်လျှောက် TNI အနေဖြင့် လူထုလှုပ်ရှားမှုများအကြား သီးခြားဆက်ကြောင်းတစ်ခုအဖြစ် ရပ်တည်၍ ပညာရှင်များနှင့် မူဝါဒချမှတ် သူများကို ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။ www.tni.org

TNI ၏ မြန်မာအစီအစဉ်သည် တစ်ရှိန်ထိုး တံခါးပွင့်လာသည့် နိုင်ငံတစ်ခုအနေဖြင့် ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းလျက်ရှိ သည့် နိုင်ငံရေးဇာတ်ကောင်များနှင့် (တိုင်းရင်းသား) အရပ်ဖက်လူ့အဖွဲ့အစည်းများ ခိုင်မာအားကောင်းလာအောင် ပံ့ပိုးကူညီရန် ရည်ရွယ်သကဲ့သို့ တစ်ဖက်တွင်လည်း အားလုံးပါဝင်မှုရှိ၍ အဓွန့်ရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်ရာ၌ ပါဝင်အထောက်အကူပြုလျက်ရှိသည်။ TNI အနေဖြင့် မြန်မာနိုင်ငံ တိုင်းရင်းသားနယ်မြေဒေသများအကြောင်း ကျွမ်းကျင်နှံ့စပ်မှုရှိစေရန် အထူးတလည်လေ့လာဆည်းပူးလာခဲ့ပြီး မြန်မာအစီအစဉ်၌ လယ်ယာဥယျာဉ်ခြံမြေ တရားမျှတမှု၊ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားဆန်သည့် မူးယစ်ဆေးဝါးရေးရာ မူဝါဒများ အတူတကွ ပေါ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ https://www.tni.org/en/myanmar-in-focus